# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၀ ပြည့်နှစ်၊ ပြာသိုလဆန်း ၁၂ ရက်၊ ၂၀၀၉ ခုနှစ်၊ ဇန်နဝါရီ ၇ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ (၄၈)၊ အမှတ်(၉၉)

## (၆၂)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကို အစဉ်အလာနှင့်အညီ အမျိုးသားရေးအနှစ်သာရ ပြည့်ပြည့်ဝဝဖြင့် ခမ်းခမ်းနားနားကျင်းပနိုင်ရေး ဦးတည်ချက်(၅)ရပ်နှင့်အညီ တက်ညီလက်ညီ ပူးပေါင်းအကောင်အထည်ဖော်

နေပြည်တော် ဇန်နဝါရီ ၆

၂၀၀၉ခုနှစ် (၆၂)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ၂နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ (၆၂)နှစ်မြောက် ပြည်ထောင်စုနေ့ ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး တက်ရောက်၍ ဆွေးနွေးမှာကြားသည်။ စာမျက်နှာ ၃ ကော်လံ ၁ ✳

## (၆၂)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေး ဦးတည်ချက် (၅) ရပ်

၁။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စုတိုင်းရင်းသား အားလုံး စောင့်ထိန်းကာကွယ်ရေး။
၂။ တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ် ရှင်သန်ထွန်းကားရေး။
၃။ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်း၊ ပြည်ပအဖျက်သမားများ၏ အန္တရာယ်ကို တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်မှုဖြင့် ပူးပေါင်းကာကွယ်တားဆီးရေး။
၄။ တိုင်းရင်းသားပြည်သူများ၏ တစ်ခဲနက်ထောက်ခံမှုဖြင့် အတည်ပြုခဲ့သော နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် တိုင်းရင်းသားအားလုံး အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ရေး။
၅။ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်ထောင်စုတိုင်းရင်းသားအားလုံး ဝိုင်းဝန်းကြိုးပမ်းရေး။

### ဆွေးနွေးမှာကြား

(၆၂)နှစ်မြောက် ပြည်ထောင်စုနေ့ ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး ၂၀၀၉ခုနှစ် (၆၂)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး ညှိနှိုင်းအစည်းအဝေးတွင် ဆွေးနွေးမှာကြားစဉ်။ (သတင်းစဉ်)





## စိုက်ပျိုးမြေဧက ၁၀၀၀ ကို အကျိုးပြုလျက်ရှိသည့် ဘားလား စံပြလယ်ယာ လျှပ်စစ်ရေတင်စီမံကိန်း



သတင်းဆောင်းပါး-တင်ထွေး (သတင်းစဉ်)
ဓာတ်ပုံမှတ်တမ်း-သောင်းမြင့် (သတင်းစဉ်)
စာမျက်နှာဖွဲ့စည်းမှု - သန်းဇော် (မြန်မာ့အလင်း)

ရန်ကုန် ဇန်နဝါရီ ၆

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနသည် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ်အနက်မှ ကျေးလက်ဒေသ ရေရရှိရေးကို လက်တွေ့အကောင်အထည်ဖော်သည့်အနေဖြင့် ရန်ကုန်တိုင်းအတွင်းရှိ မှော်ဘီမြို့နယ်၊ လှည်းကူးမြို့နယ်နှင့် မင်္ဂလာဒုံမြို့နယ်များတွင် လျှပ်စစ်ရေတင်စီမံကိန်းနှင့် လျှပ်စစ်မြစ်ရေတင်စီမံကိန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ဘားလား စံပြလယ်ယာ လျှပ်စစ်ရေတင် စီမံကိန်းသည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။ စာမျက်နှာ ၉ ကော်လံ ၁ ●

ဘားလား(၂) စံပြလယ်ယာ လျှပ်စစ်ရေတင်စီမံကိန်းတွင် စပါးခွံ ဓာတ်ငွေ့လောင်စာအင်ဂျင်ဖြင့် မြောင်းမကြီးအတွင်းသို့ ရေတင်နေမှုကို ဤသို့ တွေ့ရသည်။ (သတင်းစဉ်)

7-1 (01).pmd 1 1/7/2009, 1:23 AM

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၉ ခုနှစ် ဇန်နဝါရီ ၇ ရက်)

# နိုင်ငံတော်အစိုးရ၏ စေတနာမေတ္တာကို အလေးထား ဒေသဖွံ့ဖြိုးရေး ဒေသခံတိုင်းရင်းသားများ အားသွန်ခွန်စိုက်ကြိုးပမ်း

ဧရာဝတီတိုင်း လေဘေးသင့်ဒေသများ၏ ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများကို နိုင်ငံတော်မှ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိရာ ယခုအခါ များစွာတိုးတက်လျက်ရှိနေပြီ ဖြစ်သည်။

လေဘေးသင့်ဒေသများရှိ ဆေးရုံ၊ စာသင်ကျောင်း၊ ဘုန်းကြီးကျောင်းနှင့် သာသနိကအဆောက်အအုံများ၊ မြို့တွင်းလမ်းများ၊ ကျေးရွာချင်းဆက်လမ်းများ၊ တံတားများ၊ ရေဆင်းတံတားများကောင်းမွန်ရန် ပြန်လည်ဆောင်ရွက်မှုများကို နိုင်ငံတော်အစိုးရ၏ ဦးစီးဦးဆောင်မှုဖြင့် ဆောက်လုပ်ရေးလုပ်ငန်းရှင်များ၊ စေတနာအလှူရှင်များ တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်မှုကြောင့် သိသာမြင်သာ တိုးတက်လာခဲ့သည်။

လေဘေးသင့်ခဲ့သောဒေသများတွင် မိုးစပါးအချိန်မီစိုက်ပျိုးနိုင်ရန် မိုးစပါး၊ ထွန်စက်၊ ကျွဲ၊ နွား ဖြန့်ဖြူးပေးခြင်း၊ ငါးဖမ်းလှေများ၊ ငါးဖမ်းကိရိယာများ ဖြန့်ဝေပေးခြင်းများကို ဖြည့်ဆည်းပေးခဲ့ရာ စီးပွားရေးလုပ်ငန်း ပုံမှန်အနေအထားသို့ ပြန်လည်ရောက်လာခဲ့ပြီဖြစ်သည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ငပုတောမြို့နယ်သို့ရောက်ရှိခဲ့စဉ်က "ထိပ်စွန်း၊ ကျောက်ကလပ်၊ ကုန်းသာယာကျေးရွာများကို ပြန်လည်ထူထောင် တည်ဆောက်ရာ၌ လမ်း၊ မီး၊ သောက်သုံးရေ ဖူလုံပြည့်စုံအောင် စီမံသွားကြရန်ဖြစ်ကြောင်း၊ ဤဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လပွတ္တာ-သုံးခွ-အုတ်တွင်း-ထိပ်စွန်းလမ်းသည် အဓိကအရေးပါလျက်ရှိသဖြင့် မြန်မြန်ဖောက်လုပ်ပြီးစီးအောင် ကြိုးပမ်းသွားရန်လိုကြောင်း၊ ဒေသတွင်းရရှိနိုင်သော ဇီဝဓာတ်ငွေ့၊ နေရောင်ခြည်စွမ်းအင် စသည့် စွမ်းအင်အရင်းအမြစ်များကို အသုံးချ၍ မီးရအောင် ကြိုးစားစီမံဆောင်ရွက်သွားရန်လိုအပ်ကြောင်း" မှာကြားလမ်းညွှန်ခဲ့သည်။

ယခုအခါ နိုင်ငံတော်အစိုးရ၏ဦးဆောင်မှုနှင့်အတူ ဆောက်လုပ်ရေးလုပ်ငန်းရှင်များ၊ စေတနာရှင်များ တက်ညီလက်ညီပူးပေါင်း၍ ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြသဖြင့် ယခင်အခြေအနေနှင့်မတူတော့ဘဲ တိုးတက်လျက်ရှိပေသည်။

ဒေသခံပြည်သူများ ဝင်ငွေတိုးပွားလာရန် ကျေးရွာများ၌ စာပေပညာအပြင် စက်မှုလက်မှုအခြေခံပညာ တတ်မြောက်ကျွမ်းကျင်သူများ ပေါ်ထွက်လာရန်၊ ကျေးရွာအလိုက် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးလာရန်၊ ကျန်းမာအသက်ရှည်စွာ နေထိုင်တတ်ရန်နှင့် တင့်တောင့်တင့်တယ် နေထိုင်လာနိုင်ရန် ဝိုင်းဝန်းဖော်ဆောင်သွားကြရမည် ဖြစ်သည်။

သို့ဖြစ်ပေရာ နိုင်ငံတော်အစိုးရသည် လေဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများကို မုန်တိုင်းမတိုက်ခတ်မီအခြေအနေထက် ပိုမိုကောင်းမွန်ရန် ဆောင်ရွက်လျက်ရှိရာ ဒေသခံတိုင်းရင်းသားပြည်သူများသည် နိုင်ငံတော်၏စေတနာကို အလေးထားသိမြင်ပြီး မိမိတို့ဒေသ အမြန်ဆုံးပြန်လည်ဖွံ့ဖြိုးရန် အားသွန်ခွန်စိုက် ကြိုးပမ်းသွားကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

# လွတ်လပ်ရေးနေ့အထိမ်းအမှတ် အလံတင်အခမ်းအနား ဖာပွန်(ဗန်းမော်)၌ ကျင်းပ

ဗန်းမော် ဇန်နဝါရီ ၆

၂၀၀၉ခုနှစ် (၆၁)နှစ်မြောက်လွတ်လပ်ရေးနေ့ အလံတင်အခမ်းအနားကို ဇန်နဝါရီ ၄ရက်က ဗန်းမော်မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးဝင်းအတွင်း မြက်ခင်းပြင်၌ ကျင်းပသည်။

### တက်ရောက်

အခမ်းအနားသို့ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ သူနာပြုသင်တန်းကျောင်းမှ သင်တန်းသူများနှင့် ဆရာ ဆရာမများ၊ ပညာရေးဌာနမှ ဆရာ ဆရာမများ၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့်အဖွဲ့ဝင်များ၊ ဘင်ခရာတပ်ဖွဲ့များ တက်ရောက်ကြသည်။

### ဖတ်ကြား

ရှေးဦးစွာ နိုင်ငံတော်အလံတင်ခြင်း၊ နိုင်ငံတော်အလံအားအလေးပြုခြင်းများ ပြုလုပ်ပြီး နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ၂၀၀၉ခုနှစ် (၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားသို့ ပေးပို့သောသဝဏ်လွှာကို ဗန်းမော်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်မြင့်က ဖတ်ကြားသည်။

### ပြိုင်ပွဲများကျင်းပ

ထို့နောက် (၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အားကစားနှင့် ပြေးခုန်ပစ်ပြိုင်ပွဲများ၊ ဖူဆယ်၊ ပိုက်ကျော်ခြင်း၊ စစ်တုရင်ပြိုင်ပွဲများ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူး၍ ကလေးပြိုင်ပွဲများ ကျင်းပခဲ့ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

# ရန်ကုန်မြို့ရှိ ဆပ်ပြာစက်ရုံအမှတ်(၁)နှင့် စက်ဘီးကျွတ်ထုတ်လုပ်ရေးစက်ရုံများ ဝန်ကြီး ဦးအောင်သောင်း ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၆

အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းသည် ယမန်နေ့ နံနက် ၉ နာရီက ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ ဆပ်ပြာစက်ရုံအမှတ်(၁)သို့သွားရောက်၍ **Toilet Soap Finishing Line** အသစ်တပ်ဆင်နေမှုကိုလည်းကောင်း၊ ပုံစံအသစ်ဖြင့် ထုတ်လုပ်ထားသော **Noodle** အရောင်ချွတ်ပြီး ဆပ်ပြာများဖြစ်သည့် နံ့သာဖြူ၊ စပယ်၊ နှင်းဆီနံ့ပါသော မွှေးဆပ်ပြာ၊ ရှားစောင်းလက်ပပ်မွှေးဆပ်ပြာ၊ ရွှိုင်ရယ်ဆပ်ပြာနှင့် တမာဆပ်ပြာတို့ကိုလည်းကောင်း၊ ဆန်းရှိုင်းဆပ်ပြာတောင့်၊ မြန်မာကာဘော်လစ်နှင့် ရွှေဝါဆပ်ပြာထုတ်လုပ်မှု အဆင့်ဆင့်တို့ကိုလည်းကောင်း၊ ဆပ်ပြာကုန်ချောသိုလှောင်ရုံကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

### ကြည့်ရှုစစ်ဆေး

ထို့မှတစ်ဆင့် ဝန်ကြီးသည် လှိုင်မြို့နယ်ရှိ ဖိနပ်စက်ရုံအမှတ်(၂) စက်ရုံခွဲ(လှိုင်) စက်ဘီးကျွတ်ထုတ်လုပ်ရေးစက်ရုံသို့ ရောက်ရှိပြီး ရော်ဘာနှင့်ဓာတ်ဆေးများ ရောကြိတ်စက်၊ အအေးခံသန့်ရှင်းစက်၊ အပူပေးဖိအားညှစ်စက်များမှ ကျွတ်စများထုတ်လုပ်ပုံ၊ ကျွတ်စိမ်းများပေါင်းစက်ဖြင့် ပေါင်းတင်ပုံနှင့် စက်ဘီးကျွတ်ထုတ်လုပ်မှု အဆင့်ဆင့်တို့ကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို မှာကြားသည်။

### ထုတ်လုပ်နိုင်

စက်ဘီးကျွတ်စက်ရုံတွင် နေ့စဉ် စက်ဘီးကျွတ် ၃၀၀၀ ထုတ်လုပ်နိုင်ပြီး ပြည်သူများအတွက် အရည်အသွေးကောင်းမွန်၍ ဈေးနှုန်းချိုသာသော စက်ဘီးကျွတ်များဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# လူငယ်(ရေကြောင်း) အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၆

လူငယ်(ရေကြောင်း)ကျောင်းသားကျောင်းသူဟောင်းများ၏ ပဉ္စမအကြိမ် အာစရိယပူဇော်ပွဲကိုမတ်၂၉ရက်(တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ဓနုဗျူရုံကြားတောရလမ်းမကြီး ဗဟန်း မြို့နယ် ရန်ကုန်မြို့ (ရွှေတိဂုံဘုရားအရှေ့ဘက်မုခ်ကြေးသွန်းဘုရားကြီးနှင့် မျက်နှာချင်းဆိုင်)၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသားကျောင်းသူဟောင်းများ တက်ရောက်ကြရန် ဖိတ်ကြားထားပြီး ဦးအောင်ချိုမင်း ဖုန်း-၂၅၂၆၃၈၊ ဦးဖုန်းမော် ဖုန်း-၂၄၉၇၄၉၊ ဦးအေးလင်း ဖုန်း-၆၆၇၃၆၅၊ ၀၉-၅၁-၀၄၉၈၃၊ ဦးဇော်ဝင်း ဖုန်း-၂၄၅၉၃၄၊ ၀၉-၅၀-၄၅၆၉၁၊ ဒေါ်ကေသီဦး ဖုန်း-၅၂၄၆၂၈၊ ၀၉-၅၁-၀၄၅၀၄၊ ဒေါ်ခိုင်ခိုင်အေး ဖုန်း-၀၉-၅၀-၄၈၇၉၈ နှင့် ဒေါ်ခင်လေးဝေ ဖုန်း-၃၉၄၅၆၂၊ ၀၉-၅၀-၅၄၁၈၃ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

ဒီဇင်ဘာ၂၆ရက်က ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လမ်းမတော်မြို့နယ်ရုံးက ကြီးမှူး၍ နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲကို အမှတ်(၂)ရပ်ကွက် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး၌ ကျင်းပရာ မြို့နယ်ဦးစီးမှူး ဒေါ်ခင်မကြီးနှင့် အမှတ်(၂) ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသိန်းထွန်းအောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။

(မြို့နယ် ပြန်/ဆက်)



## မြဝတီရုပ်မြင်သံကြား

၇-၁-၂၀၀၉ (ဗုဒ္ဓဟူးနေ့)

### နံနက်ပိုင်း

| | | |
|---|---|---|
| ၇း၀၀ | ၁။ | မြဝတီအဖွင့် |
| ၇း၀၅ | ၂။ | အဖွင့်သီချင်း |
| ၇း၁၀ | ၃။ | မျိုးချစ်တပ်မတော် |
| ၇း၂၀ | ၄။ | မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း |
| ၇း၃၀ | ၅။ | မြန်မာသံစဉ်ချိုနားဝင် |
| ၇း၄၅ | ၆။ | **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်** |
| ၇း၅၀ | ၇။ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၇း၅၅ | ၈။ | အမျိုးသားရေးတေးကဗျာ |
| ၈း၀၀ | ၉။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၈း၁၀ | ၁၀။ | အမျိုးသားရေးတေးကဗျာ |

### ညပိုင်း

| | | |
|---|---|---|
| ၄း၀၀ | ၁။ | မြဝတီအဖွင့် |
| ၄း၀၅ | ၂။ | အဖွင့်သီချင်း |
| ၄း၁၅ | ၃။ | အမျိုးသားရေးတေးကဗျာ |
| ၄း၂၀ | ၄။ | **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်** |
| ၄း၃၀ | ၅။ | ရင်မှာစွဲလမ်းတော်ဝင်ပန်း |
| ၄း၄၅ | ၆။ | တိုင်းကျိုးပြည်ပြု တည်ထောင်မှု |
| ၄း၅၀ | ၇။ | မျိုးချစ်တပ်မတော် |
| ၅း၀၀ | ၈။ | ကျန်းမာကြံ့ခိုင်ဒို့နိုင်ငံ |
| ၅း၂၀ | ၉။ | ရင်ခုန်စီးဆင်းအချစ်သီချင်း |
| ၅း၄၀ | ၁၀။ | မြတ်နိုးကြစေအမျိုးသားအမွေ |
| ၅း၅၀ | ၁၁။ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၆း၀၀ | ၁၂။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၆း၁၀ | ၁၃။ | နိုင်ငံတကာသတင်း |
| ၆း၂၀ | ၁၄။ | အမျိုးသားရေးတေးကဗျာ |
| ၆း၃၀ | ၁၅။ | ကာတွန်းအစီအစဉ် **လူစွမ်းကောင်းလေးလူဆာ** (အပိုင်း-၁၀) |
| ၆း၄၅ | ၁၆။ | လျှပ်တစ်ပြက် |
| ၇း၀၀ | ၁၇။ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကြီးမြတ်သူတို့နှလုံးသား** (အပိုင်း-၉) |
| ၈း၀၀ | ၁၈။ | မြဝတီရုပ်မြင်သံကြားသတင်း |
| | ၁၉။ | မိုးလေဝသသတင်း |
| | ၂၀။ | အမျိုးသားရေးတေးကဗျာ |
| | ၂၁။ | ဖြေလိုက်ပါ |
| | ၂၂။ | ICT သုတ |
| | ၂၃။ | ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင် |
| | ၂၄။ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ငါးကလေး** (အပိုင်း-၂၄) |

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၇-၁-၂၀၀၉ (ဗုဒ္ဓဟူးနေ့)

**AM & PM**

| | |
|---|---|
| ၇း၀၀-၁း၀၀ | MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ် |
| ၇း၀၅-၁း၀၅ | **နိဗ္ဗာန်တကယ်ရှိရဲ့လား** တရားတော် (ရွှေမိုးညို ဆရာတော် အရှင်ဇာနေယျ) |
| ၇း၅၅-၁း၅၅ | Industrial Talk ဒေါက်တာမျိုးသန့်တင်၊ ဦးတင်အောင်ရွှေ(သုတေသီ) |
| ၈း၂၀-၂း၂၀ | သီချင်းကောင်းကောင်း သီချင်းတောင်း |
| ၈း၄၅-၂း၄၅ | မေတ္တာကိုအခြေပြုသည့် ဦးတည်ရာလမ်းကြောင်း ပေါ်ဝယ် (မိုးညိုမြို့) |
| ၉း၁၅-၃း၁၅ | ပြည်တွင်းသတင်းအကျဉ်း |
| ၉း၂၅-၃း၂၅ | မီကို၏ ပဉ္စမအကြိမ် ကံထူးရှင်များနှင့် တိုက်ရိုက်တွေ့ဆုံခြင်း |
| ၉း၃၅-၃း၃၅ | တေးဂီတအစီအစဉ် |
| ၉း၄၀-၃း၄၀ | နိုင်ငံတကာသတင်းအကျဉ်း |
| ၉း၄၅-၃း၄၅ | Midweek Sports News |
| ၁၀း၀၀-၄း၀၀ | တေးဂီတအစီအစဉ် |
| ၁၀း၁၀-၄း၁၀ | မိုးလေဝသခန့်မှန်းချက် |
| ၁၀း၁၅-၄း၁၅ | **ရေမွှေးနှင်းဆီ** ဇေယျ၊ ထွန်းထွန်းနိုင်၊ ဝိုင်းစုခိုင်သိန်း (ဒါရိုက်တာ-ဝိုင်း) |
| ၁၀း၅၅-၄း၅၅ | ပြည်တွင်းသတင်းအကျဉ်း |
| ၁၁း၀၅-၅း၀၅ | တေးဂီတအစီအစဉ် |
| ၁၁း၁၀-၅း၁၀ | Internet Directory (COM Internet Cafe) |
| ၁၁း၃၀-၅း၃၀ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၁း၃၅-၅း၃၅ | တေးဂီတအစီအစဉ် |
| ၁၁း၄၀-၅း၄၀ | ဆန်းသစ်တီထွင်လာသော မြန်မာ့ရုပ်သေးအကများ |
| ၁၁း၅၀-၅း၅၀ | Myanmar Video Rhythm |
| ၁၂း၁၅-၆း၁၅ | မြန်မာ့တွင်းထွက် အလှရတနာ |
| ၁၂း၂၅-၆း၂၅ | တေးဂီတအစီအစဉ် |
| ၁၂း၃၀-၆း၃၀ | ဖန်တီးသူ၏ လက်မှုအနုပညာ |
| ၁း၀၀-၇း၀၀ | MRTV-4 အပိတ် Logo၊ |

**MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။**

**✻ ရှေ့ဖုံးမှ**

### တက်ရောက်

အဆိုပါ ညှိနှိုင်းအစည်းအဝေးသို့ (၆၂)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး ဗဟိုကော်မတီဝင်များဖြစ်ကြသည့် အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ လုပ်ငန်းဆပ်ကော်မတီဥက္ကဋ္ဌများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

ရှေးဦးစွာ (၆၂)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးက အဖွင့်အမှာစကား ပြောကြားရာတွင် ယနေ့ အစည်းအဝေးသည် ၂၀၀၉ခုနှစ် ဖေဖော်ဝါရီ၁၂ရက်တွင် ကျရောက်မည့် (၆၂)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို ယခင်အစဉ်အလာကောင်းများနှင့်အညီ အမျိုးသားရေး အနှစ်သာရ ပြည့်ပြည့်ဝဝဖြင့် အောင်အောင်မြင်မြင်၊ ခမ်းခမ်းနားနားကျင်းပရေးအတွက် ညှိနှိုင်းသည့် အစည်းအဝေးဖြစ်ကြောင်း။

### အစဉ်အလာကောင်း

ပြည်ထောင်စုနေ့အခမ်းအနားကို နှစ်စဉ် စည်ကားသိုက်မြိုက်စွာ ကျင်းပနေခြင်းသည် နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို တိုင်းရင်းသားစည်းလုံးညီညွတ်မှုစွမ်းအားဖြင့် ပြန်လည်ရယူနိုင်ခဲ့သည့် အစဉ်အလာကောင်းကို ဖော်ညွှန်းပြီး ပြည်ထောင်စု၏ မည်သည့်နေရာ၊ မည်သည့်ဒေသ၌ နေထိုင်ကြသည်ဖြစ်စေ၊ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူကြရန် ဦးတည်ကျင်းပနေခြင်းဖြစ်ကြောင်း။

လာမည့် (၆၂)နှစ်မြောက်ပြည်ထောင်စုနေ့ အခမ်းအနားကို နိုင်ငံရေးအနှစ်သာရရှိရှိ၊ အမျိုးသားရေးအဓိပ္ပာယ်ပြည့်ပြည့်ဝဝဖြင့် အောင်အောင်မြင်မြင်၊ ခမ်းခမ်းနားနား ကျင်းပနိုင်ရန်အတွက် ပြည်ထောင်စုနေ့ကျင်းပရေး ဗဟိုကော်မတီနှင့် စီမံခန့်ခွဲမှုကော်မတီတို့ကို ဖွဲ့စည်းတာဝန်ပေးအပ်ထားပြီးဖြစ်ကြောင်း၊ သို့ဖြစ်၍ ပြည်ထောင်စုနေ့ကို အမျိုးသားရေး ဦးတည်ချက်များနှင့်အညီ အောင်အောင်မြင်မြင် ကျင်းပနိုင်ရန်အတွက် ယခုအစည်းအဝေး၌ ညှိနှိုင်းဆွေးနွေးကြရန်နှင့် စီမံချက်များရေးဆွဲပြီး ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

### ဂရုပြုဆောင်ရွက်

စီမံခန့်ခွဲမှုကော်မတီနှင့် ဆပ်ကော်မတီများက လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ကြရာတွင် ပြည်ထောင်စုနေ့ကိုယ်စားလှယ်များ နေပြည်တော် အလာ/အပြန် ခရီးစဉ်နှင့် နေပြည်တော်အတွင်း သွားလာရေး အဆင်ပြေချောမွေ့စေရေး၊ တည်းခိုဆောင်များ၌ လိုအပ်သည့်အစီအစဉ်များ စနစ်တကျဆောင်ရွက်ပေးရေး၊ လေ့လာရေးခရီးစဉ်များ၌ စိတ်ပါဝင်စားစွာလေ့လာနိုင်ရေး၊ ကိုယ်စားလှယ်များ၏ ကျန်းမာရေး၊ အစားအစာများ သန့်ရှင်းလတ်ဆတ်ရေးတို့ကို ဂရုပြုဆောင်ရွက်သွားကြရန် ဖြစ်ကြောင်း။

### စုပေါင်းကြိုးပမ်း

အထူးသဖြင့် ပြည်ထောင်စုနေ့ နံနက်အလံတော်အလေးပြုခြင်းနှင့် နိုင်ငံတော်အကြီးအကဲ၏ သဝဏ်လွှာဖတ်ကြားခြင်းအခမ်းအနားနှင့် ပြည်ထောင်စုနေ့ညတွင် ကျင်းပမည့် ညစာစားပွဲအခမ်းအနားများ သပ်သပ်ရပ်ရပ်၊ လှလှပပ၊ ခမ်းခမ်းနားနား၊ အောင်အောင်မြင်မြင်ဖြစ်စေရန် တာဝန်ရှိသူများ စုပေါင်းကြိုးပမ်းကြရန်ဖြစ်ကြောင်း။

ပြည်ထောင်စုနေ့ကျင်းပရေးလုပ်ငန်းအတွက် ခွင့်ပြုပေးသည့်ဘဏ္ဍာငွေကိုလည်း အလေအလွင့်မရှိအောင်၊ မကုန်သင့်သည်များမကုန်ရအောင် လုပ်ငန်းဆပ်ကော်မတီများက စိစိစစ်စစ်ကြပ်မတ် သုံးစွဲကြရန်ဖြစ်ကြောင်း။

ပြည်ထောင်စုနေ့အခမ်းအနားကို နေပြည်တော်၌ ကျင်းပခဲ့သည်မှာ ယခုအကြိမ်အပါအဝင် သုံးကြိမ်ရှိပြီဖြစ်ကြောင်း၊ ထို့ကြောင့်လုပ်ငန်းတိုင်း၌ ယခင်နှစ်များက အတွေ့အကြုံကိုအခြေခံပြီး အားနည်းချက်၊ ဟာကွက်မရှိအောင် ဂရုတစိုက်ဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

နိဂုံးချုပ်အနေဖြင့် ၂၀၀၉ခုနှစ် (၆၂)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေး ဦးတည်ချက်များဖြစ်သည့်-

- **ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စုတိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး၊**
- **တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန်ထွန်းကားရေး၊**
- **နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်း၊ ပြည်ပအဖျက်သမားများ၏ အန္တရာယ်ကို တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်မှုဖြင့် ပူးပေါင်းကာကွယ်တားဆီးရေး၊**
- **တိုင်းရင်းသားပြည်သူများ၏ တစ်ခဲနက်ထောက်ခံမှုဖြင့် အတည်ပြုခဲ့သော နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့်ဒီမိုကရေစီနိုင်ငံတော်သစ်တည်ဆောက်ရေးအတွက် တိုင်းရင်းသားအားလုံး အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်ရေး၊**
- **နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်ထောင်စုတိုင်းရင်းသားအားလုံး ဝိုင်းဝန်းကြိုးပမ်းရေး**

ဆိုသည့် အမျိုးသားရေးဦးတည်ချက်(၅)ရပ်နှင့်အညီ ပြည်ထောင်စုနေ့ အခမ်းအနားကို အောင်မြင်ခမ်းနားသိုက်မြိုက်စွာကျင်းပသွားနိုင်ရန် ယခုအစည်းအဝေး တက်ရောက်လာသူအားလုံးက တက်ညီလက်ညီ ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်ကြရန် မှာကြားသည်။

### ရှင်းလင်းတင်ပြ

ထို့နောက် (၆၂)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ဝေလွင်က (၆၂)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကျင်းပရေးအတွက် စီစဉ်ဆောင်ရွက်ထားရှိမှုများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ (၆၂)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်လာကြသူများက ပြည်ထောင်စုနေ့ သဝဏ်လွှာကိစ္စ၊ ပြည်ထောင်စုနေ့ အခမ်းအနားကျင်းပရေးကိစ္စ၊ ပြည်ထောင်စုနေ့ ကိုယ်စားလှယ်ဦးရေသတ်မှတ်ရန်ကိစ္စ၊ ပြည်ထောင်စုနေ့ ညစာစားပွဲသို့ ဖိတ်ကြားမည့် ဦးရေသတ်မှတ်ရန်ကိစ္စ၊ အခမ်းအနားပြင်ဆင်မွမ်းမံရေးကိစ္စ၊ ပြည်ထောင်စုနေ့ ညစာစားပွဲကျင်းပရေးအစီအစဉ်နှင့် ဧည့်ခံကျွေးမွေးရေးကိစ္စ၊ ပြည်ထောင်စုနေ့ညစာစားပွဲတွင် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအကဖြင့် ဖျော်ဖြေ ရေးကိစ္စ၊ ပြည်ထောင်စုနေ့ညစာစားပွဲတွင် ကာလပေါ်တေးဂီတဖြင့် ဖျော်ဖြေရေးကိစ္စ၊ ပြည်ထောင်စုနေ့ကိုယ်စားလှယ်များ လေ့လာရေးခရီးစဉ်ကိစ္စ၊ ပြည်ထောင်စုနေ့ အခမ်းအနားအတွက် သုံးစွဲမည့် ဘဏ္ဍာငွေကိစ္စတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

### ပြန်လည်ဆွေးနွေး

ယင်းနောက် (၆၂)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးက တင်ပြချက်များအပေါ် ပြန်လည်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ ညှိနှိုင်းအစည်းအဝေးကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

## ရွှေသွေးဂျာနယ် နှစ်(၄၀)ပြည့် ရွှေသွေးအထူးထုတ် (၂၀၀၉)ဖြန့်ချိ

ရန်ကုန် ဇန်နဝါရီ ၆

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း စာပေဗိမာန်မှ ရွှေသွေးတို့အတွက် အပတ်စဉ်ထုတ်ဝေဖြန့်ချိလျက်ရှိသော ရွှေသွေးဂျာနယ် နှစ်(၄၀)ပြည့် အထိမ်းအမှတ် ရွှေသွေးအထူးထုတ် စာစောင်(၂၀၀၉)ကို ဖြန့်ချိရောင်းချနေပြီ ဖြစ်သည်။

အဆိုပါစာစောင်တွင် ပန်းချီ၊ ကာတွန်းပညာရှင်ကြီးများဖြစ်ကြသော ဆရာကြီး ဦးဘကြည်၊ ဦးသန်းကြွယ်၊ ဦးအောင်ရှိန်၊ ဦးစိန်၊ ဦးဘထွေး၊ ဦးကျော်ဆန်းနှင့် ဦးအေးတင်တို့၏ ခေတ်ဟောင်းလက်ရာများနှင့် ရွှေသွေးဂျာနယ် ပထမနှစ်ပတ်လည်နေ့က ထုတ်ဝေခဲ့သော ရွှေသွေးဂျာနယ်အထူးထုတ် မျက်နှာဖုံး ပြန်လည်ဖော်ထုတ်တင်ဆက်မှု ကဏ္ဍများအပြင် ရွှေသွေးဂျာနယ်တွင် အပတ်စဉ်ရေးသားလျက်ရှိကြသော ပင်တိုင်ပန်းချီ၊ ကာတွန်း၊ စာမူပညာရှင်များ၏ ရွှေသွေးတို့အတွက် ဆန်းသစ်သော ကဗျာ၊ ကာတွန်း၊ ပုံပြင်၊ ဝတ္ထုနှင့်ရွှေသွေးတို့ ပျော်စရာ အစီအစဉ်များကိုလည်း ထည့်သွင်းရေးဆွဲ ဖော်ပြထားသည်။

အဆိုပါ စာစောင်ကို စာပေဗိမာန် စာအုပ်ဆိုင် အမှတ်(တ-၅၅) သပြေကုန်းဈေး နေပြည်တော် ဖုန်း-၀၆၇-၄၁၄၆၈၁၊ စာပေဗိမာန်စာအုပ်ဆိုင် အမှတ် ၅၂၉/၅၃၁ ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း-၀၁-၃၈၁၄၄၈၊ ၂၄၉၀၃၁တို့တွင် တစ်အုပ်လျှင် ကျပ် ၉၀၀ဖြင့်ဝယ်ယူရရှိနိုင်ပြီး လက်ကားဝယ်ယူလိုပါက တစ်အုပ်လျှင် ကျပ် ၈၅၀ နှုန်းဖြင့် စာပေဗိမာန်အရောင်းဌာန အမှတ် ၅၂၉/၅၃၁ ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း-၀၁-၃၈၁၄၄၈၊ ၂၄၉၀၃၁တို့သို့ ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



ဇန်နဝါရီ ၄ရက်က (၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားကို ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အထက(၂) နဝရတ်ခန်းမ၌ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သောသဝဏ်လွှာကို မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကိုကိုလှိုင်က ဖတ်ကြားစဉ်။ (မြို့နယ် ပြန်/ဆက်)

## မြန်မာ့ရုပ်မြင်သံကြား

၇-၁-၂၀၀၉ ရက် (ဗုဒ္ဓဟူးနေ့)

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇:၀၀ | ၁။ | မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၇:၂၅ | ၂။ | ကျန်းမာဖို့အတူကစားစို့ |
| ၇:၃၀ | ၃။ | နံနက်ခင်းသတင်း |
| ၇:၄၀ | ၄။ | သံသာချိုအေးမင်္ဂလာတေး |
| ၇:၅၀ | ၅။ | အတီးပြိုင်ပွဲ |
| ၈:၀၅ | ၆။ | **တော်ပါပေတယ်ဘွားဘွားရယ်** မင်းမော်ကွန်း၊ မြတ်ကေသီအောင် (ဒါရိုက်တာ-သိန်းဟန်၊ ဖီးနစ်) |
| ၈:၁၅ | ၇။ | ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ |
| ၈:၃၀ | ၈။ | International News |
| ၈:၄၅ | ၉။ | တေးဂီတအစီအစဉ် |

**ညပိုင်း**

| | | |
|---|---|---|
| ၄:၀၀ | ၁။ | စစ်ချီတေး စစ်သည်တေး |
| ၄:၁၀ | ၂။ | မြူးမြူးကြွကြွယဉ်ကျေးမှုအက |
| ၄:၂၀ | ၃။ | အဆိုပြိုင်ပွဲ |
| ၄:၃၀ | ၄။ | တေးဂီတအစီအစဉ် |
| ၄:၄၅ | ၅။ | အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ် (ပထဝီဝင်အထူးပြု) (ပထဝီဝင်) |
| ၄:၅၅ | ၆။ | မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ |
| ၅:၀၀ | ၇။ | နိုင်ငံ့စီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ |
| ၅:၁၀ | ၈။ | သီချင်းကြီးပဒေသာ |
| ၅:၂၀ | ၉။ | အတီးပြိုင်ပွဲ |
| ၅:၃၀ | ၁၀။ | **ကျွမ်းတိုင်းမကြမ်းနဲ့** လျှမ်းထက်၊ သတ္တိ၊ ဖြိုးမောင်မောင်၊သဇင်၊စုချစ်ဇော် (ဒါရိုက်တာ-ဇော်လူထက်) |
| ၅:၃၅ | ၁၁။ | ရှုဖွယ်စုံလင်အာဆီယံအစီအစဉ် |
| ၅:၄၅ | ၁၂။ | တေးဂီတအစီအစဉ် |
| ၆:၀၀ | ၁၃။ | ညနေခင်းသတင်း |
| ၆:၃၀ | ၁၄။ | မိုးလေဝသအခြေအနေ |
| ၆:၃၅ | ၁၅။ | မြန်မာ့ဓလေ့ရိုးရာလက်ဇော့ |
| ၆:၅၅ | ၁၆။ | ထက်မြက်ပျော်ရွှင် အိမ်ထောင်ရှင် |
| ၇:၂၅ | ၁၇။ | ရသပေါ်လွင်သရုပ်ဆောင်လွှင်ပြင် |
| ၈:၀၀ | ၁၈။ | ပြည်တွင်းသတင်း |
| | ၁၉။ | နိုင်ငံတကာသတင်းများ |
| | ၂၀။ | မိုးလေဝသအခြေအနေ |
| | ၂၁။ | မြန်မာဗီဒီယိုဇာတ်လမ်း **လိပ်ပြာပြောတဲ့လွမ်းပုံပြင်** မင်းမော်ကွန်း၊ နန္ဒာလှိုင် (ဒါရိုက်တာ-မောင်တင်ဦး) |
| | ၂၂။ | အစီအစဉ်ပြီး၏။ |

## ရုပ်ရှင်/ရုပ်မြင်တည်းဖြတ်မှုပညာ အခြေခံစာအုပ် ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဇန်နဝါရီ ၆

ထပ်ဆင့်အကယ်ဒမီ (တည်းဖြတ်) ဦးမြင့်ခိုင်၏ ရုပ်ရှင်/ရုပ်မြင်တည်းဖြတ်မှုပညာအခြေခံစာအုပ်ကို ထုတ်ဝေဖြန့်ချိလိုက်ကြောင်းသိရသည်။



### ထုတ်ဝေဖြန့်ချိ

ဒါရိုက်တာလုပ်မည့်သူများ၊ အယ်ဒီတာလုပ်မည့်သူများ၊ အခြားဝါသနာပါသူများ လေ့လာရမည့် စာအုပ်ကောင်းတစ်အုပ်ဖြစ်သည်။ စာရေးသူ၏ နှစ်ပေါင်း ၄၀ ကျော် တည်းဖြတ်ခဲ့သော ရုပ်ရှင်/ရုပ်မြင်ဇာတ်ကားများမှ အတွေ့အကြုံ၊ အယူအဆများနှင့်တည်းဖြတ်မှု စိတ်ကူးစိတ်သန်းများကို ဖော်ပြထားသည်။ စိတ်ကူးချိုချိုအနုပညာစာပေမှ ထုတ်ဝေဖြန့်ချိပြီး တန်ဖိုးငွေကျပ် ၁၅၀၀ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ရန်ကုန်တိုင်းမ်ဂျာနယ် ယခုအပတ်ထွက်ရှိ

ရန်ကုန် ဇန်နဝါရီ ၆

'ကမ္ဘာ့ကားဈေးကွက်ပြဿနာနှင့် မြန်မာ့ကားဈေးကွက်အနာဂတ်'အကြောင်းနှင့် ပတ်သက်ပြီး စီးပွားရေးလုပ်ငန်းရှင်များ၏ သုံးသပ်ချက်များပါသည့် ရန်ကုန်တိုင်းမ်ဂျာနယ် အတွဲ(၅) အမှတ်(၂)ထွက်ရှိလာသည်။

ယင်းအပြင် မြန်မာနိုင်ငံတွင် ကြက်ငှက်တုပ်ကွေးဖြစ်ပေါ်ပါက အပျော့စားမျိုးသာ ပြောင်းလဲဖြစ်ပေါ်နိုင်၊ ၂၀၀၉ခုနှစ်အတွင်း နေနှစ်ကြိမ်၊ လသုံးကြိမ်ကြတ်မည်၊ မြန်မာ့ဆန်ဈေးကွက် ကျယ်ပြန့်လာစေရန် ဆန်စပါးထုတ်လုပ်မှုဆိုင်ရာ အေဂျင်စီဖွဲ့စည်းရန်လို၊ ပဲဆီဈေးနှုန်းထပ်မံကျဆင်းဖွယ်ရှိ၊ Prepaid ကတ်စနစ်သုံး ဝိုင်ဖိုင်အင်တာနက်နည်းပညာ ရန်ကုန်နှင့်မန္တလေးတွင် တစ်ပြိုင်နက်အသုံးပြုရန်စီစဉ်၊ ဖေဖော်ဝါရီလအထိ အေးမြသည့်ရာသီဥတု ခံစားရမည်ဖြစ်ပြီး နွေရောက်ပါက ရန်ကုန်တွင် ပိုပူမည်။ ဝိုင်ယာရှော့ကြောင့် ကားမီးလောင်မှုဖြစ်ပွား၊ ပြောရေးဆိုခွင့်ရပ်ကွက်မှ 'အမျိုးသမီးများနှင့် ဖက်ရှင်စတိုင်'အကြောင်း၊ ဝတ်မှုန်ရွှေရည်နှင့်တွေ့ဆုံစဉ် မေးဖြစ်ခဲ့တဲ့အကြောင်းလေးတွေစသော ဖျော်ဖြေရေးသတင်းများ အပါအဝင် ကဏ္ဍစုံလင်စွာဖြင့် ပြည်တွင်းရေးရာ သတင်းများ ပါရှိသည်။

ယူရိုငွေကြေးက အမေရိကန်ဒေါ်လာကို ကျော်ဖြတ်သွားဖွယ်ရှိ၊ စင်ကာပူတွင် တစ်ဆင့်ခံကန်ထရိုက်များ ခေါင်းပုံဖြတ်ခြင်းကြောင့် နိုင်ငံခြားအလုပ်သမားများ ဒုက္ခတွေ့နေရ၊ အသက်ငင်နေသော သမီးငယ်ကို ကယ်တင်ပေးသည့် ကောင်းကင်တမန်နတ်ကို ဓာတ်ပုံရိုက်ယူလိုက်နိုင်ဟုဆို၊ ပြင်သစ်ရှော်ခ်အဆိုတော် ဇနီးမောင်နှံက ဒုတိယအကြိမ်မြောက် ဗီယက်နမ်ကလေးငယ်တစ်ဦးမွေးစား၊ အမေရိကန်တွင် သမ္မတသစ်ဘားရက်အိုဘားမားသည် လေးစားဂုဏ်ယူထိုက်ဆုံး ပုဂ္ဂိုလ်ဖြစ်ကြောင်း ယူအက်စ်အေတူဒေးသတင်းစာတွင်ဖော်ပြ၊ အမျိုးသားလိင်တံထိပ်အရေပြားဖြတ်ပါက အေအိုင်ဒီအက်စ်ရောဂါနှင့် သားအိမ်ခေါင်းကင်ဆာဖြစ်ပွားမှုကို နှစ်ဆကာကွယ်နိုင်၊ ကလေးနှစ်ယောက်၏ ဖခင်က အဆက်ဖြတ်သွားသော ချစ်သူဟောင်းကို လက်စားချေလိုသဖြင့် သူမ၏သားကို သတ်သည့်အမှုဖြစ်ပွား မှုခင်းရေးရာကဏ္ဍ၊ ဟာသကဏ္ဍ၊ ပြောရဦးမယ် သူတို့ကဒီလိုတဲ့ဖျော်ဖြေရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ နည်းပညာကဏ္ဍများ စုံလင်စွာ ပါရှိသည်။ **(သတင်းစဉ်)**

**မြန်မာ့အလင်း အာကာသသိပ္ပံ**

## တစ်နာရီမိုင်ခြောက်သန်းဖြင့် လွင့်မျောနေသောဥက္ကာခဲ အာကာသတွင်း တွေ့ရှိရဟုဆို

နာဆာမှလွှတ်တင်ထားသော အာကာသလေ့လာရေးဂြိုဟ်တုမှ ရိုက်ကူးပေးပို့သည့်ဓာတ်ပုံအရ အာကာသအတွင်း အရှိန်အဟုန်ဖြင့် လွင့်မျောနေသော ဥက္ကာခဲတစ်ခဲကို တွေ့ရှိရကြောင်း နာဆာမှ သတင်းထုတ်ပြန်သည်။

### လွင့်မျောနေ

အဆိုပါ ဥက္ကာခဲသည် ဘောလုံးတစ်လုံး၏ပုံသဏ္ဌာန်ကဲ့သို့တည်ရှိပြီး ကမ္ဘာဂြိုဟ်မှ အလင်းနှစ် ၇၀၀၀ အကွာ၌ လွင့်မျောနေခြင်းဖြစ်သည်။ ယင်းဥက္ကာခဲသည် အာကာသရှိကြယ်တာရာတစ်ခုပေါက်ကွဲမှုကြောင့် လွင့်စဉ်ထွက်ရှိလာသော ဥက္ကာခဲဖြစ်နိုင်ကြောင်း နက္ခတ်ဗေဒပညာရှင်များက ပြောကြားသည်။

### အလင်းတန်းအချို့ဖြာထွက်

အာကာသအတွင်း အရှိန်အဟုန်ဖြင့် လွင့်မျောနေသည့် ဥက္ကာခဲသည် တစ်နာရီလျှင် မိုင်ခြောက်သန်းနှုန်းဖြင့် လွင့်မျောနေခြင်းဖြစ်ကြောင်း၊ ဥက္ကာခဲအတွင်းမှ အလင်းတန်းအချို့ ဖြာထွက်နေကြောင်း သိရသည်။



### အပူစွမ်းအင်များဖြာထွက်

နက္ခတ်ဗေဒပညာရှင်များက ဟူဘယ်အာကာသ အဏုကြည့်မှန်ပြောင်းဖြင့်လေ့လာရာတွင် အဆိုပါဥက္ကာခဲကို မတွေ့မြင်ရသော်လည်း အာကာသလေ့လာရေးဂြိုဟ်တုမှ ပေးပို့သောဓာတ်ပုံအရ ဥက္ကာခဲ၌ အပူစွမ်းအင်များ ဖြာထွက်နေကြောင်း သိရသည်။ **(အင်တာနက်)**



အီရတ်နိုင်ငံတောင်ပိုင်း ယူဆူဖီယာမြို့၌ အသေခံကားဗုံးခွဲတိုက်ခိုက်မှု ဖြစ်ပွားခဲ့ပြီးနောက် ပျက်စီးသွားသော ကားတစ်စီးကို ဇန်နဝါရီ ၅ ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

# အမေရိကန်တို့ရှိနေသရွေ့ အီရတ်ပြည်သူများ ငြိမ်းချမ်းရေးမရနိုင် အီရန်ခေါင်းဆောင် ခါမေနီပြောကြား

**တီဟီရန် ဇန်နဝါရီ ၆**

အီရတ်နိုင်ငံ၌ အမေရိကန်တွေ ရှိနေသရွေ့ အီရတ်ပြည်သူတို့အဖို့ ငြိမ်းချမ်းရေး မျှော်လင့်နိုင်မည်မဟုတ်ကြောင်း အီရန်ဘာသာရေးခေါင်းဆောင် အယာတိုလာ အလီခါမေနီက တီဟီရန်မြို့တွင် ဇန်နဝါရီ ၄ရက်က ပြောကြားသည်။

**ပြောကြား**

အီရန်ဘာသာရေးခေါင်းဆောင် အယာတိုလာအလီခါမေနီက ဧည့်သည်တော် အီရတ်ဝန်ကြီးချုပ် အယ်မာလီကီနှင့် တွေ့ဆုံစဉ် အထက်ပါအတိုင်း ပြောကြားလိုက်ခြင်းဖြစ်သည်။

**ဆောင်ရွက်**

မိမိတို့ရည်ရွယ်ချက်မှာ အီရတ်ပြည်သူများ ငြိမ်းချမ်းရေး၊ ဂုဏ်သိက္ခာရှိရေး၊ လွတ်လပ်ရေးနှင့် တိုးတက်ရေးပင်ဖြစ်ကြောင်း၊ ဤရည်မှန်းချက်ပေါက်မြောက်အောင်မြင်အောင် အကောင်အထည်ဖော်ရေးအတွက် လိုအပ်သမျှဆောင်ရွက်မည် ဖြစ်ကြောင်း အယာတိုလာအလီခါမေနီက ပြောကြားသည်။ အီရတ်နိုင်ငံဘက်မှ ရပ်တည်ရန်မှာ မိမိတို့ အီရတ်နိုင်ငံ၏ တာဝန်ပင်ဖြစ်ကြောင်း ၎င်းကထည့်သွင်းပြောကြားသည်။

**အမ်အင်န်အေ၊ဆင်ဟွာ**

# အစ္စရေးတပ်ဖွဲ့ဝင်များ ဂါဇာကမ်းမြောင်ဒေသကို သိမ်းပိုက်ခဲ့လျှင် အသေခံဗုံးခွဲတိုက်ခိုက်ခံရမည်ဟု ဂျီဟတ်အဖွဲ့ ပြောကြား

**ဂါဇာ ဇန်နဝါရီ ၆**

ဂါဇာကမ်းမြောင်ဒေသအတွင်းသို့ ဝင်ရောက်လာသော အစ္စရေးတပ်ဖွဲ့ဝင်များအား အသေခံဗုံးခွဲ တိုက်ခိုက်သွားမည်ဖြစ်ကြောင်း ပါလက်စတိုင်း လက်နက်ကိုင် အုပ်စုတစ်စုဖြစ်သည့် ဂျီဟတ်အဖွဲ့က ဇန်နဝါရီ ၅ ရက်တွင် သတိပေးလိုက်သည်။

**ထုတ်ဖော်**

ဂါဇာကမ်းမြောင်ဒေသ မြို့ကြီးများအတွင်းသို့ဝင်ရောက်ပြီး ဒေသခံပြည်သူများအား တိုက်ခိုက်ခြင်းပြုပါက အဆိုးရွားဆုံးဖြစ်ရပ်များနှင့် ကြုံတွေ့သွားစေရမည်ဖြစ်ကြောင်း ဂျီဟတ်အဖွဲ့ခေါင်းဆောင် ရာသာဒန်အာဘူလာ ရှာလတ်က ထုတ်ဖော်ပြောကြားသည်။

**ပျက်စီးစေရန်**

ဂါဇာကမ်းမြောင်ဒေသအား ပျက်စီးစေရန် ကြိုးစားနေသူများ၊ ကျူးကျော်တိုက်ခိုက်နေသူများ၊ အားပေးအားမြှောက်ပြုလုပ်နေသူများကိုလည်း မိမိတို့တိုက်ခိုက်သွားမည်ဖြစ်ကြောင်းလည်း အာဘူလာရှာလတ်က ဆက်လက်ပြောကြားသည်။

အစ္စရေးတို့အနေဖြင့် ဟားမတ်စ်တို့အား ချေမှုန်းနိုင်မည်မဟုတ်ကြောင်း၊ အကြောင်းမှာ ဟားမတ်စ်တို့မှာ ပါလက်စတိုင်းပြည်သူများ ဖြစ်နေသောကြောင့်ဖြစ်ကြောင်း ၎င်းကပြောကြားသည်။

**(အင်တာနက်)**

# ဂါဇာကမ်းမြောင်ဒေသ၌ အစ္စရေးနှင့် ဟားမတ်စ်တို့တိုက်ခိုက် အစ္စရေးတပ်ဖွဲ့ဝင် ၅၅ ဦးဒဏ်ရာရရှိ

**ဂါဇာ ဇန်နဝါရီ ၆**

ဂါဇာကမ်းမြောင်ဒေသအတွင်းသို့ မြေပြင်ထိုးစစ်ဆင်နွှဲနေသော အစ္စရေးတပ်ဖွဲ့ဝင်များကို ပါလက်စတိုင်းလက်နက်ကိုင်များက ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဇန်နဝါရီ ၄ရက်က အစ္စရေးတပ်ဖွဲ့ဝင် ၅၅ ဦး ဒဏ်ရာရရှိခဲ့ကြောင်း အစ္စရေးတပ်ဖွဲ့ဝင်များက ပြောကြားသည်။

**ဒဏ်ရာရရှိ**

ဂါဇာကမ်းမြောင်ဒေသမြောက်ပိုင်း ဘီရာရှိဘာမြို့တွင် ဟားမတ်စ်၏ လက်နက်ကိုင်တပ်ဖွဲ့ဝင်များနှင့် ပစ်ခတ်တိုက်ခိုက်မှုဖြစ်ပွားစဉ် အစ္စရေးတပ်ဖွဲ့ဝင် ၂၇ဦး ဒဏ်ရာရရှိခဲ့သည်။

**ပစ်ခတ်**

ထို့အပြင် တစ်ရက်တည်းမှာပင် အက်ကီလွန်မြို့၌ အစ္စရေးတပ်ဖွဲ့ဝင်များနှင့် ဟားမတ်စ်လက်နက်ကိုင်များ ပစ်ခတ်တိုက်ခိုက်မှုဖြစ်ပွားရာ အစ္စရေးတပ်ဖွဲ့ဝင် ၂၃ဦး ဒဏ်ရာရရှိခဲ့ကြောင်း အစ္စရေးစစ်ဘက်က ပြောကြားသည်။

**တိုက်ခိုက်**

အစ္စရေးတပ်ဖွဲ့ဝင်များက မြေပြင်၌ မာကီဗာအမျိုးအစားတင့်ကားများ အသုံးပြု၍လည်းကောင်း၊ လေကြောင်းမှ အပါချီ ရဟတ်ယာဉ်များ အသုံးပြု၍လည်းကောင်း တိုက်ခိုက်မှုများ ပြုလုပ်လျက်ရှိသည်။

**(အင်တာနက်)**

ဂါဇာကမ်းမြောင်ဒေသရှိ ရှီဖာဆေးရုံတွင် အစ္စရေးတို့၏ တင့်ကားကျည်ဆန် ကျရောက် ထိမှန်မှုကြောင့် ဒဏ်ရာရရှိခဲ့သော ကလေးငယ်တစ်ဦးအား ဆေးကုသပေးနေသည်ကို ဇန်နဝါရီ ၅ ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

# ကမ္ဘာ့အသက်အကြီးဆုံး အမျိုးသမီး အိုဘားမားအား မဲပေးခဲ့

လော့စ်အိန်ဂျလိစ် ဇန်နဝါရီ ၆

**လော့စ်အိန်ဂျလိစ်မြို့ရှိ အဘွားအိုမီးစ်ဘေနက်မှာ ယခုအခါ ကမ္ဘာပေါ်တွင် အသက် အကြီးဆုံး အမျိုးသမီးဖြစ်လာသည်။**

**ပေါ်တူဂီနိုင်ငံမှ အသက်(၁၁၅)နှစ်ရှိ အဘွားအိုသည် ဇန်နဝါရီ၂ရက်က ကွယ်လွန်သွားသည့်အတွက် အဘွားမီးစ်ဘေနက် (၁၁၄ )နှစ်မှာ ကမ္ဘာ့အသက် အကြီးဆုံး အမျိုးသမီး ဖြစ်လာခြင်းဖြစ်သည်။**

ထောက်ခံမဲပေး

**မီးစ်ဘေနက်မှာ အမေရိကန်သမ္မတ ဂလီဗီလင် လက်ထက် ၁၈၉၄ ခုနှစ်တွင် မွေးဖွားသူဖြစ်သည်။ သူသည် နိုဝင်ဘာလ အမေရိကန်သမ္မတ ရွေးကောက်ပွဲတွင် အိုဘားမားအား ထောက်ခံမဲပေးခဲ့သူဖြစ်သည်။**

အမ်အင်န်အေ၊ဆင်ဟွာ



# သမ္မတဘုရှ်၏မူဝါဒ မအောင်မြင်ဟု အီရတ်ဝန်ကြီးချုပ်ဟောင်း အာလာဝီ အပြစ်တင်

ဘဂ္ဂဒက် ဇန်နဝါရီ ၆

**သမ္မတဂျော့ဒဗလျူဘုရှ်၏ မူဝါဒများမှာ အီရတ်နိုင်ငံအတွင်း ဂိုဏ်းဂဏ အာဃာတ ပိုမိုကြီးထွားအောင် ဖန်တီးပေးသော လုံးလုံးမအောင်မြင်မှုအဖြစ် အမေရိကန်က ရာထူးအပ်နှင်းပေးခဲ့သည့် အီရတ်ဝန်ကြီးချုပ်ဟောင်းအာလာဝီက ပြစ်တင်ရှုတ်ချလိုက်သည်။**

**မစ္စတာ အာလာဝီက အရှုတ်အယ်အောဆက်သတင်းစာနှင့် တွေ့ဆုံမေးမြန်းခန်းတွင် အထက်ပါအတိုင်း ပြစ်တင်ရှုတ်ချလိုက်ခြင်း ဖြစ်သည်။**

တာဝန်ယူခဲ့

**၂၀၀၃ ခုနှစ်တွင် အီရတ်နိုင်ငံအား စတင်ကျူးကျော်ပြီးနောက် အမေရိကန်တို့၏ စီမံခန့်ခွဲမှုနှင့်တကွ လက်ရှိဝန်ကြီးချုပ် အယ်မာလီကီအစိုးရတို့နှင့် ပတ်သက်၍ မစ္စတာ အာလာဝီက မှားယွင်းအားနည်းချက်များ တွေ့ရသည်ဆိုသည်။ သူသည် ၂၀၀၄ ခုနှစ်တွင် အီရတ်ယာယီအစိုးရ အဖွဲ့ဝန်ကြီးချုပ်အဖြစ် တစ်နှစ်ကြာ တာဝန်ယူခဲ့သူဖြစ်သည်။**

အမ်အင်န်အေ၊ရိုက်တာ

# အာဖဂန်တောင်ပိုင်းတွင် တိုက်ခိုက်မှု နေတိုးတပ်ဖွဲ့ဝင်တစ်ဦး သေဆုံး

**ကဘူးလ် ဇန်နဝါရီ ၆**

အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်းတွင် တိုက်ပွဲများနှင့် တိုက်ခိုက်မှုများ အရှိန်မြင့်လာစဉ် သီးခြားဖြစ်စဉ်များ၌ နေတိုးတပ်ဖွဲ့ဝင်တစ်ဦး သေဆုံးပြီး အရပ်သားသုံးဦး ဒဏ်ရာရသွားသည်ဟု ကဘူးလ်မြို့၌ ဇန်နဝါရီ ၅ ရက်က ထုတ်ပြန်သည့် နေတိုးကြေညာချက်၌ ဖော်ပြပါရှိသည်။

**မွန်းလွဲပိုင်း**

အာဖဂန်နစ္စတန်နိုင်ငံ တောင်ပိုင်းတွင် နေတိုးတပ်ဖွဲ့ဝင်တစ်ဦး ဇန်နဝါရီ ၄ ရက် မွန်းလွဲပိုင်းက သေဆုံးခဲ့ခြင်းဖြစ်သည်။

**အစစ်ဆေးခံ**

အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်း ကန်ဒါဟာပြည်နယ် ပန်ဝါရီခရိုင်အတွင်း ရဲစစ်ဆေးရေးဂိတ်တွင် ဇန်နဝါရီ ၁ ရက်က အစစ်ဆေးခံရန် မော်တော်ယာဉ်တစ်စီးကို ရပ်ခိုင်းသော်လည်း မရပ်သဖြင့် ပစ်ခတ်ရပ်တန့်စေမှု၌ ကားပေါ်ပါသူ သုံးဦးဒဏ်ရာ ရသွားခြင်းဖြစ်သည်။

**အမ်အင်န်အေ၊ဆင်ဟွာ**

# ထိုင်းတောင်ပိုင်း၌ တိုက်ပွဲဖြစ်ပွား ရဲအရာရှိတစ်ဦး သေဆုံး

**ဗန်ကောက် ဇန်နဝါရီ ၆**

ထိုင်းနိုင်ငံတောင်ပိုင်း နာရာသီဝပ်ပြည်နယ်၌ ဇန်နဝါရီ ၅ရက် နံနက်ပိုင်းက သူပုန်များနှင့်တိုက်ပွဲဖြစ်ပွားရာ ရဲအရာရှိတစ်ဦး သေဆုံးပြီး အခြားတစ်ဦး ပြင်းထန်စွာဒဏ်ရာရရှိသည်။

**ထွက်ပြေးလွတ်မြောက်**

ရူးဆိုခရိုင် ရဲစခန်းမှ ရဲတပ်ဖွဲ့ဝင် ၂၀ ဂျာနာကျေးရွာမှ နေအိမ်သုံးလုံးကို ဇန်နဝါရီ ၅ရက် နံနက် ၅ နာရီခွဲက ဝိုင်းတိုက်စဉ် နေအိမ်များအတွင်းရှိ သူပုန်များက စတင်ပစ်ခတ်သဖြင့် တိုက်ပွဲဖြစ်ပွားသည်။ ၁၀ မိနစ်ခန့် အပြန်အလှန်ပစ်ခတ်ပြီးနောက် သူပုန်များ ထွက်ပြေးလွတ်မြောက်သွားကြသည်ဟု ဆိုသည်။

ထိုင်းနိုင်ငံ တောင်ပိုင်းအကျဆုံး ပြည်နယ်များဖြစ်သည့် ပတ္တာနီပြည်နယ်၊ နာရာသီဝပ်ပြည်နယ်နှင့် ယာလာပြည်နယ်သုံးခုတွင် အကြမ်းဖက်တိုက်ခိုက်မှုများ ပြန်လည်ခေါင်းထောင်ခဲ့သည့် ၂၀၀၄ ခုနှစ် ဇန်နဝါရီလမှ စတင်၍ ငါးနှစ်တာကာလအတွင်း ယင်းဒေသများတွင် ပြည်သူ ၃၅၀၀ကျော် အသက်စတေးခဲ့ကြရသည်ဟု သတင်း၌ဖော်ပြသည်။

**အမ်အင်န်အေ၊ဆင်ဟွာ**



ပါကစ္စတန်နိုင်ငံ လာဟိုးမြို့၌ ကားဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် အပျက်အစီးများကို ဇန်နဝါရီ ၅ ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

## ကမ္ဘာ့အထင်ကရ ပုဂ္ဂိုလ်များ

# အရည်နှင့်ဒြပ်ထုများ၌ အက်စစ်နှင့်အယ်လ်ကာလီပါဝင်မှု တိုင်းတာသည့်ကိရိယာကို တီထွင်ခဲ့သူ ဒေါက်တာအာနိုးအိုဗီလီဘက်မန်

**၁၉၀၀-၂၀၀၄**



အရည်နှင့်ဒြပ်ထုများ၌ အက်စစ်နှင့် အယ်လ်ကာလီပါဝင်မှု တိုင်းတာသည့်ကိရိယာကိုတီထွင်ခဲ့သူ ဒေါက်တာအာနိုးအိုဗီလီဘက်မန်**(ယာပုံ)**ကို ၁၉၀၀ပြည့်နှစ် ဧပြီ ၁၀ရက်တွင် အမေရိကန်နိုင်ငံ အီလီနွိုက်ပြည်နယ် ကူလမ်မြို့၌ လယ်သမားမိသားစုလေးမှ မွေးဖွားကြီးပြင်းလာခဲ့သူဖြစ်သည်။ ဒေါက်တာဘက်မန်သည် ၄င်းအိမ်၏ထပ်ခိုးတွင် ဓာတုဗေဒစာအုပ်တစ်အုပ်ကို ပထမဦးဆုံးအကြိမ် စတင်တွေ့ရှိခဲ့သည့် ငယ်ရွယ်စဉ်ကလေးဘဝ မှစတင်ကာ သိပ္ပံဘာသာရပ်၌ အလွန်စိတ်ဝင်စားလာခဲ့သည်။

**ပြောင်းလဲသွား**

မူလအစ ၁၈၆၁ခုနှစ်က ရိုက်နှိပ်ထုတ်ဝေခဲ့သော **"သိပ္ပံနယ်တွင် သီတင်းပတ် ၁၄ပတ်အကြာ"** အမည်ရှိ စာရေးဆရာ စတီလီထုတ်ဝေသော သိပ္ပံစာအုပ်အတွဲများကိုဖတ်ရှုပြီး မကြာမီ သူ၏ဝါသနာကိုသိကာ အားပေးသော ဖခင်က သူ၏(၁၀)နှစ်မြောက် မွေးနေ့လက်ဆောင်အဖြစ် တည်ဆောက်ပေးသော ကိရိယာတန်ဆာပလာများထားရှိရာ ဓာတုဗေဒဓာတ်ခွဲခန်းလေးဘက်သို့ ခြေဦးလှည့် အာရုံဝင်စားမှု ပြောင်းလဲသွားခဲ့သည်။

**ဝင်ငွေရှာခဲ့**

ဘက်မန်သည် အီလီနွိုက်တက္ကသိုလ်တွင် သိပ္ပံဘာသာရပ်ကို ပြင်းပြင်းထန်ထန် လေ့လာကြိုးစားခဲ့ရာ ၁၉၂၂ခုနှစ်တွင် ဓာတုအင်ဂျင်နီယာဘာသာရပ်ဖြင့် ဘွဲ့ရရှိခဲ့ပြီး ၁၉၂၃ခုနှစ်တွင် ရူပဓာတုဗေဒဘာသာရပ်ဖြင့် မဟာဘွဲ့ရရှိခဲ့သည်။ ဘက်မန်သည် ပညာသင်ကြားနေစဉ်ကာလ တစ်လျှောက်လုံး သူ၏မိသားစုကိုထောက်ပံ့ရန်နှင့် ပညာသင်ကြားရန်အတွက် သူ၏ထူးချွန်လှသောစန္ဒရားပညာဖြင့် အသံတိတ်ရုပ်ရှင်ကားများ၌ စန္ဒရားတီး၍ ဝင်ငွေရှာခဲ့သည်။

ဘက်မန်သည် ၁၉၂၈ ခုနှစ်တွင် ကယ်လီဖိုးနီးယား နည်းပညာတက္ကသိုလ်မှ ဓာတ်ပုံဆိုင်ရာ ဓာတုဗေဒပညာဖြင့် ဒေါက်တာဘွဲ့ရရှိခဲ့ပြီး ယင်းတက္ကသိုလ်၌ပင် ပါမောက္ခအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ယင်းတက္ကသိုလ်တွင် စာပေသင်ကြားပို့ချနေစဉ်မှာပင် ဒေါက်တာဘက်မန်သည် ၁၉၃၅ခုနှစ်၌ အက်စစ်ပြင်းဆတိုင်းမီတာကို တီထွင်ခဲ့မှုနှင့်အတူ ဘက်မန်ကိရိယာတန်ဆာပလာကုမ္ပဏီကို ထူထောင်ခဲ့သည်။

ကယ်လီဖိုးနီးယားပြည်နယ်တောင်ပိုင်း စစ်ထရစ်အက်စစ်ပြုပြင်ထုတ်လုပ်ရေးစက်ရုံမှ ၄င်း၏ကျောင်းနေဖက်သူငယ်ချင်းအား ဘက်မန်က ရှောက်ရည်အတွင်းပါဝင်သော အက်စစ်ပြင်းဆကိုတိုင်းတာရန် အက်စစ်ပြင်းအားတိုင်းကိရိယာကို တီထွင်ထုတ်လုပ်ပေးခဲ့သည်။

**မရှိမဖြစ်အသုံးဝင်**

ယင်းအက်စစ်ပြင်းအားတိုင်းကိရိယာကို နောင်တွင် အရည်နှင့်ဒြပ်ထုများ၌ အက်စစ်နှင့် အယ်လ်ကာလီပါဝင်မှုတိုင်းတာသည့်ကိရိယာ (ပီအိတ်ချ်မီတာ)ဟု ခေါ်တွင်ခဲ့ကြသည်။ ထိုကိရိယာသည် ဓာတုဗေဒကို အသေးစိတ်ခွဲခြမ်းစိတ်ဖြာ လေ့လာရာတွင် လျင်မြန်စွာ တိုင်းတာနိုင်သည့် မရှိမဖြစ်အသုံးဝင်သောကိရိယာတစ်ခု ဖြစ်လာခဲ့သည်။

ယင်းတီထွင်မှုကြောင့် ဘက်မန်သည် ၁၉၈၇ခုနှစ်တွင် အမျိုးသားဆိုင်ရာ ထင်ပေါ်ကျော်ကြားသော တီထွင်သူများအဖွဲ့၌ နေရာတစ်နေရာရလာပြီး သောမတ်စ်အက်ဒီဆင်နှင့် ဂရေဟမ်ဘဲလ်တို့ကဲ့သို့ တီထွင်ပညာရှင်အကျော်အမော်များနှင့် လက်တွဲမိကာ ဝင်ငွေကောင်းလာခဲ့သည်။

**စကားလက်ဆောင်ပါး**

သင့်အနေဖြင့် တစ်စုံတစ်ခုကိုပြုလုပ်ရန်လိုအပ်လာပါက ထိုလိုအပ်ချက်သည်ပင် တီထွင်မှုကို စေ့ဆော်ပေးသည့်အရာဖြစ်ကြောင်း ဒေါက်တာအိုဗီလီဘက်မန်က မှတ်သားဖွယ်ရာ ပြောကြားခဲ့သည်။ ထို့အပြင် ၄င်းအား ၄င်း၏ အတန်းဖော်က ရှောက်ရည်တွင် အက်စစ်ပါဝင်မှု တိုင်းတာသည့် ပြဿနာကို အကူအညီ မတောင်းခဲ့ပါက ၄င်းအနေဖြင့် ပီအိတ်ချ်မီတာ တီထွင်ကာ ကမ္ဘာကျော်နိုင်သည့်အခွင့်အရေးကို မရရှိနိုင်ကြောင်း သိမှတ်ဖွယ် စကားလက်ဆောင်ပါးခဲ့ပေသည်။

**လုပ်ငန်းလည်ပတ်**

ဘက်မန်သည် ၁၉၄၀ပြည့်နှစ်တွင် ရောင်စဉ်တိုင်းကိရိယာကို တီထွင်ခဲ့သည်။ ၁၉၈၉ခုနှစ်တွင် သမ္မတဟောင်း ဂျော့ဘုရ်ှ၏ အမျိုးသားသိပ္ပံတီထွင်မှုဆိုင်ရာဆုတံဆိပ် ချီးမြှင့်ခြင်းကိုခံခဲ့ရသည်။ ဘက်မန် တည်ထောင်ခဲ့သောကုမ္ပဏီသည် ယနေ့တိုင်အောင် ဆက်လက်ရှင်သန် တိုးတက်လျက်ရှိပြီး လက်ရှိအချိန်တွင် ကမ္ဘာပေါ်ရှိ နိုင်ငံပေါင်း ၁၃၀ ကျော်၌ ဝန်ထမ်း ၁၀၀၀၀ကျော်ဖြင့် လုပ်ငန်းလည်ပတ်လျက်ရှိသည်။

ဘက်မန်သည် ၁၉၉၁ခုနှစ်တွင် ဘက်မန် လူငယ်လေ့လာစူးစမ်းသူများ (ဘီဝိုင်အိုင်) ဆုချီးမြှင့်ရေးအဖွဲ့ကို ထူထောင်ပြီး ထူးချွန်သည့် လူငယ်မျိုးဆက်သစ် သိပ္ပံပညာရှင်များအား မြေတောင်မြှောက်ပေးသည့် အနေဖြင့် ဆုများချီးမြှင့်ခဲ့သည်။ ၁၉၉၇ခုနှစ်တွင် အာနိုးနှင့် မေဘယ်လ်ဘက်မန် ဖောင်ဒေးရှင်းကို ထူထောင်ကာ ပညာသင်ဆုများ ချီးမြှင့်ခဲ့ရာ ၁၉၉၈ခုနှစ်တွင် ၄င်းအဖွဲ့၏ ဆုများကို တက္ကသိုလ်ပေါင်း ၂၀ မှ ကျောင်းသား ၇၃ ဦးက လက်ခံရရှိခဲ့သည်။

၁၉၉၈ခုနှစ်တွင် ဘက်မန်သုတေသန နည်းပညာအဖွဲ့ကို ထူထောင်ခဲ့သည်။ ၂၀၀၀ပြည့်နှစ်တွင် ဒေါက်တာအာနိုးအိုဗီလီဘက်မန်၏ နှစ် ၁၀၀ ပြည့်မွေးနေ့ကို ကမ္ဘာနှင့်အဝန်း ကျယ်ကျယ်ပြန့်ပြန့် ကျင်းပခဲ့သည်။

**ကောင်းကျိုးပြု**

၂၀၀၄ခုနှစ် မေ ၁၈ရက်တွင်မူ တီထွင်သူပညာရှင် အကျော်အမော် ဒေါက်တာအာနိုးအိုဗီလီဘက်မန်သည် အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် လာဂျိုလ်လာမြို့ စကရစ်ပ်ဝရီးန်ဆေးရုံ၌ ကွယ်လွန်ခဲ့သဖြင့် အသက် ၁၀၄နှစ်တိုင်တိုင် သိပ္ပံလောကကြီးကို ကောင်းကျိုးပြုသွားခဲ့ပါကြောင်း ဖော်ပြလိုက်ရပေသည်။ ။

ကိုးကား-အင်တာနက် **ချစ်စိုးနိုင်** ရေးသားသည်။

**ဘက်မန်သည် ၁၉၂၈ ခုနှစ်တွင် ကယ်လီဖိုးနီးယား နည်းပညာ တက္ကသိုလ်မှ ဓာတ်ပုံဆိုင်ရာဓာတုဗေဒပညာဖြင့် ဒေါက်တာဘွဲ့ရရှိခဲ့ပြီး ယင်းတက္ကသိုလ်၌ပင် ပါမောက္ခအဖြစ် တာဝန်ထမ်းဆောင်ခဲ့၊ ယင်း တက္ကသိုလ်တွင် စာပေသင်ကြားပို့ချနေစဉ်မှာပင် ဒေါက်တာဘက်မန် သည် ၁၉၃၅ခုနှစ်၌ အက်စစ်ပြင်းဆတိုင်းမီတာကို တီထွင်ခဲ့မှုနှင့်အတူ ဘက်မန်ကိရိယာတန်ဆာပလာကုမ္ပဏီကို ထူထောင်ခဲ့။**

## ဘဝဒဿန

- *Every heart sings a song, incomplete until another heart whispers back. Those who wish to sing always find a song. At the touch of a lover, everyone become a poet.*
- *တစ်စုံတစ်ခုသောနှလုံးသားသည် ဂီတကို တိတ်တဆိတ်သာ တုံ့ပြန် ဆိုညည်းနေသည့်တိုင်အောင် နှလုံးသားတိုင်းသည် တေးသီချင်းတစ်ပုဒ်ကို မပြည့်မစုံ သီဆိုရင့်ကျူးနေကြသည်။ သီဆိုရင့်ကျူးလိုသည့် ဆန္ဒရှိသူသည် သီချင်းတစ်ပုဒ်ကို အမြဲရှာဖွေတွေ့ရှိ သီဆိုနေမည်ဖြစ်သည်။ အချစ်ကိုတွေ့ထိမိကာ ချစ်တတ်သူတစ်ဦးဖြစ်သွားသောအခါတွင်မူကား လူတိုင်းသည် ကဗျာဆရာလုံးလုံး ဖြစ်သွားကြလေတော့သည်။*

*ပလေတို (ဂရိလူမျိုး စာရေးဆရာနှင့်အတွေးအခေါ်ပညာရှင်)*

## အင်တာနက် ကျန်းမာရေး

### သံလွင်ဆီသည် ကင်ဆာဆဲလ် ပြန့်ပွားမှုကိုဟန့်တားနိုင်

သံလွင်ဆီသည် ကင်ဆာဆဲလ်များကို တိုက်ဖျက်ဟန့်တားနိုင်စွမ်း ရှိကြောင်း စပိန်သုတေသနပညာရှင်များ၏ သုတေသနပြုချက်တစ်ရပ်၌ ဖော်ပြထားသည်။



**တိုက်ဖျက်နိုင်**

သံလွင်ဆီစစ်စစ်တွင်ပါဝင်သော ဓာတ်များက ကင်ဆာ ဆဲလ်များအပေါ် မည်သို့အကျိုးသက်ရောက်မှုရှိသည်ကို သုတေသနပြုခဲ့ရာမှ ကင်ဆာဆဲလ်များ ပြန့်ပွားမှုကို ဟန့်တားနိုင်ပြီး အချို့သောကင်ဆာဆဲလ်များ တိုက်ဖျက်နိုင်စွမ်းရှိကြောင်း သိရသည်။

**ကာကွယ်ပေးနိုင်**

ထို့အတူ သံလွင်ဆီကို သီတင်းတစ်ပတ်လျှင် သုံးကြိမ်ခန့် စားသုံးပေးပါက အမျိုးသမီး ရင်သားကင်ဆာ ဖြစ်ပွားမှုအပေါ် ကာကွယ်ပေးနိုင်ကြောင်း စပိန်နိုင်ငံ ဂရာနာဒါတက္ကသိုလ်မှ သုတေသနပညာရှင် မင်အင်ဒက်က ပြောကြားသည်။

**အထောက်အကူပြု**

သံလွင်ဆီအပါအဝင် အသီးအရွက်ဆီများ အားလုံးမှာ ကျန်းမာရေးအတွက် အထောက်အကူပြုစေသည့် အပြင် ကင်ဆာဆဲလ်များတိုက်ဖျက်ရာတွင် အထောက်အကူပြုကြောင်း လေ့လာတွေ့ရှိရသည်ဟု ၄င်း၏ သုတေသနပြုချက်၌ ဆက်လက် ဖော်ပြသည်။ (အင်တာနက်)

## ဘဝအမောပြေ

### သည်းခံနိုင်တယ်....

**စားသောက်ဆိုင်တစ်ဆိုင်သို့ အဝတ်အစား သပ်သပ်ရပ်ရပ် ဝတ်ဆင်ထားသူ အမျိုးသားတစ်ဦး ရောက်ရှိလာပြီး အစားအစာများ မှာယူစားသောက်နေရာမှ စားပွဲထိုးအားခေါ်ပြီး ပြောလေသည်။**

**အမျိုးသား** ။ ။ စားပွဲထိုးခဏလာပါဦး။
**စားပွဲထိုး** ။ ။ ဟုတ်ကဲ့။
**အမျိုးသား** ။ ။ လေအေးစက်ဖွင့်စမ်းပါ။ ဒီမှာ ချွေးပြန်နေပြီ။
**စားပွဲထိုး** ။ ။ ဟုတ်ကဲ့။
**ခဏကြာသော်-**
**အမျိုးသား** ။ ။ စားပွဲထိုးလာပါဦး၊ လေအေးစက်ပါဝါမြှင့်ပေးစမ်းပါဗျ။
**စားပွဲထိုး** ။ ။ ဟုတ်ကဲ့။
**ခဏကြာသော်-**
**အမျိုးသား** ။ ။ စားပွဲထိုး၊ လေအေးစက်နည်းနည်းလျှော့ပါဦး။ ချမ်းလှပြီ။
**စားပွဲထိုး** ။ ။ ဟုတ်ကဲ့။
**ထိုအခါ ဘေးစားပွဲမှ စားသောက်နေသူတစ်ဦးက စားပွဲထိုးအားခေါ်ပြီးပြောသည်။**
**ဘေးစားပွဲမှလူ** ။ ။ "ခင်ဗျား တော်တော်သည်းခံနိုင်တယ်၊ ကျွန်တော်ဆိုရင် ဒီလောက် သည်းခံနိုင်မှာ မဟုတ်ဘူး"
**စားပွဲထိုး** ။ ။ "ရပါတယ်၊ ဒီဆိုင်မှာ လေအေးစက် တပ်မထားပါဘူး"
**ဘေးစားပွဲမှလူ** ။ ။ **'ခင်ဗျာ'**

## အာကာသ သိပ္ပံ

### လမျက်နှာပြင်၏ သုံးဘက်မြင်ပုံရိပ်

အိန္ဒိယအာကာသ သုတေသနအဖွဲ့မှ လွှတ်တင်ထားသော အာကာသလေ့လာရေးယာဉ် ချန်ဒရာလန်-၁က ရိုက်ကူးထားသည့် လမျက်နှာပြင် သုံးဘက်မြင်ပုံရိပ်တစ်ခုကို မြေပြင်စခန်းသို့ ပြန်လည်ပေးပို့လိုက်သည်။



ထိုသို့လမျက်နှာပြင်၏ သုံးဘက်မြင်ပုံရိပ်ကို ရိုက်ကူးပေးပို့ရာတွင် အထူးခြားဆုံး မျက်နှာပြင်အနေအထား ပုံရိပ် အနီးကပ်မြင်ကွင်းအဖြစ် မြင်တွေ့ရကြောင်း သိရသည်။

**ကျောက်သားနှင့် ဥက္ကာခဲ**

အဆိုပါ သုံးဘက်မြင် ပုံရိပ်၌ လမျက်နှာပြင်ပေါ်တွင် သဘာဝအလျောက် ထွက်ပေါ်နေသော ရောင်စုံအလင်းတန်းများက ယင်းနေရာကိုရိုက်ခတ်နေကြောင်း ပုံရိပ်၌ တွေ့မြင်ရသော လမျက်နှာပြင်သည် ကျောက်သားနှင့် ဥက္ကာခဲများ ပေါင်းစပ် ဖြစ်တည်နေသည့် မျက်နှာပြင်အဖြစ် မြင်တွေ့ရသည်ဟု ဆိုသည်။

ယခုပေးပို့လိုက်သော ပုံရိပ်အရ လမျက်နှာပြင်၏ အချို့ အစိတ်အပိုင်းသည် ထူးခြားသော ဖွဲ့စည်းမှုဖြင့် ဖြစ်တည်နေသည်ကို ဖော်ပြနေကြောင်း၊ ယခုရိုက်ကူးပေးပို့သောပုံရိပ်မှာ လမျက်နှာပြင်၏ အနောက်ဘက်ခြမ်းဖြစ်ကြောင်း သိရသည်။ **(အင်တာနက်)**

နိုင်ငံတကာသတင်း စုစည်းဘာသာပြန်သူများ

*တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုး၊ ချစ်စိုးနိုင်၊ တင်မာဝင်းနှင့် အေးသန္တာသိန်း*

# နေပြည်တော်ပျဉ်းမနား-ပင်လောင်းလမ်းနှင့် လိန်းလီကြိုးတံတား တည်ဆောက်ရေးလုပ်ငန်းများ

## ဆောက်လုပ်ရေးဝန်ကြီး ဗိုလ်ချုပ်စောထွန်းကြည့်ရှုစစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၆

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်စောထွန်းသည် ဇန်နဝါရီ ၄ရက် နံနက်ပိုင်းက နေပြည်တော်ပျဉ်းမနား-ပင်လောင်းလမ်း မိုင်တိုင်အမှတ်(၂၅/၀)ရှိ ကိုးကွေ့စခန်း ရှင်းလင်းဆောင်သို့ ရောက်ရှိရာ ရှင်းလင်းဆောင်၌ လမ်းတာဝန်ခံအင်ဂျင်နီယာက လမ်းတိုးတက်ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် ဝန်ကြီးသည် နေပြည်တော်ပျဉ်းမနား-ပင်လောင်းလမ်း မိုင်တိုင် အမှတ်(၃၀/၆)အနီး မြေသားတာပေါင်လမ်းချဲ့ခြင်း လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

**ဖြည့်ဆည်းပေး**

ယင်းနောက် ဝန်ကြီးသည် အဆိုပါလမ်းပေါ်ရှိ လိန်းလီကြိုးတံတား တည်ဆောက်ရေးစီမံကိန်းသို့ ရောက်ရှိစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးသည်။

လိန်းလီကြိုးတံတားမှာ ပေ ၁၀၀၀ အရှည်ရှိ သံမဏိသံပေါင်ကြိုးတံတား အမျိုးအစားဖြစ်ပြီး တံတားခံနိုင်ဝန်မှာ ယာဉ်တစ်စီးချင်း ၇၅တန်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



# လွတ်လပ်ရေးနေ့ အထိမ်းအမှတ် စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်

ရန်ကုန် ဇန်နဝါရီ ၆

**(၆၁)နှစ်မြောက်လွတ်လပ်ရေးနေ့အထိမ်းအမှတ် အင်းစိန်မြို့နယ် ပိန္နဲကုန်းရပ်ကွက် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၄ရက် နံနက် ၉နာရီက အဆိုပါ အဆောက်အအုံရှေ့၌ ကျင်းပသည်။**

**ဖွင့်လှစ်**

အခမ်းအနားတွင် စာကြည့်တိုက် အဆောက်အအုံသစ် ဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးတင်သန်းက ရှင်းလင်းတင်ပြပြီး ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးသိန်းနိုင်၊ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဖြူဖြူနှင့် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ဆွေတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ (အပေါ်ပုံ)

**ပေးအပ်လှူဒါန်း**

ထို့နောက် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ကျင်းပရာ အလှူရှင်များဖြစ်သည့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် မြို့နယ်ရဲမှူး ယုနိုင်က တန်ဖိုးငွေကျပ် ၅၇၀၀၀ရှိ သွပ်၁၀ချပ်၊ ရပ်ကွက်ဥက္ကဋ္ဌ ဦးကိုကိုထွန်းက ငွေကျပ်နှစ်သိန်း၊ ဒုတိယဗိုလ်မှူးကြီး ဇော်ဝိတ်(ငြိမ်း)က ငွေကျပ်နှစ်သိန်း၊ စာကြည့်တိုက်နာယက ဦးအေးသိန်းက ငွေကျပ်နှစ်သိန်းနှင့်အလှူရှင်များက ငွေကျပ်တစ်သောင်းစီဖြင့် စုစုပေါင်းငွေကျပ် ၇၆၇၀၀၀၊ မြို့နယ်ဦးစီးမှူး ဒေါ်ခင်နှင်းကြည်က စုစုပေါင်းတန်ဖိုး ငွေကျပ်၆၉၅၀၀ရှိ စာအုပ်စာစောင် အုပ်၃၀၀နှင့် စာအုပ်စင်တစ်ခုတို့ကို လှူဒါန်းရာ ရပ်မိရပ်ဖနှင့် တာဝန်ရှိသူအသီးသီးက လက်ခံယူကြသည်။ အဆိုပါ စာကြည့်တိုက်သည် ပေ ၂၀×၁၂ပေအကျယ်ရှိ နှစ်ထပ်အဆောက်အအုံဖြစ်ပြီး ငွေကျပ် ၅၅သိန်း တန်ဖိုးရှိကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)



ဇန်နဝါရီ ၄ရက်က လှိုင်မြို့နယ် အမှတ်(၇) အခြေခံပညာမူလတန်းကျောင်း၏ ၂၀၀၈-၂၀၀၉ ဘက်စုံထူးချွန်ဆုပေးပွဲကို ကျင်းပရာ ၂၀၀၈ခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲ မြို့နယ်အဆင့်ပထမဆုနှင့် ကျောင်းတွင်း ဘာသာစုံပထမဆုရရှိသော Grade-5မှ မမြတ်သဇင်ကျော်အား လက်ထောက် မြို့နယ်ပညာရေးမှူး ဦးအောင်မြဝင်းနှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်သီတာမှန်တို့က ဆုချီးမြှင့်စဉ်။ (၁၂၈)



# မြေပုံမြို့နယ် သင်္ဂနက်ကျေးရွာ အသက်ကယ်ရေကန် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး ကြည့်ရှုစစ်ဆေး

မြေပုံ ဇန်နဝါရီ ၆

ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးသည် ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် ဒီဇင်ဘာ ၁၅ရက်က မြေပုံမြို့နယ် သင်္ဂနက်ကျေးရွာ သင်္ဂနက် အသက်ကယ်ရေကန်သို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ(**အပေါ်ပုံ**) ပြည်နယ်ဆည်မြောင်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးမောင်မြင့်က သင်္ဂနက်အသက်ကယ်ရေကန်အား ပုံစံကျအဆင့်မြှင့်တင် မြေဖို့ခြင်းလုပ်ငန်းဆောင်ရွက်မည့် အခြေအနေများကို လိုက်လံရှင်းလင်းတင်ပြရာ တိုင်းမှူးက လိုအပ်သည်များ မှာကြားသည်။

**ကာကွယ်ပေးနိုင်**

အဆိုပါ သင်္ဂနက် အသက်ကယ်ရေကန်သည် သဘာဝဘေးအန္တရာယ်ကျရောက်လာပါက ဒေသခံကျေးရွာ ပြည်သူလူထုများ၏ အသက်အိုးအိမ် စည်းစိမ်တို့ကို ထိရောက်စွာ ကာကွယ်ပေးနိုင်ကြောင်း သိရသည်။ (၁၁၃)

# ရန်ကုန်ဆေးတက္ကသိုလ်(၂) အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၆

ရန်ကုန်မြို့ ဆေးတက္ကသိုလ်(၂) မင်္ဂလာဒုံတွင် ၁၉၇၀-၁၉၇၁-၁၉၇၂-၁၉၇၃ခုနှစ်များ၌ ပထမနှစ်(ဆေး)တွင် ပညာသင်ကြားခဲ့ကြသော ကျောင်းသား ကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲနှင့် တွေ့ဆုံပွဲကို ဇန်နဝါရီ ၂၄ရက်(စနေနေ့)တွင် ဆရာဝန်များအသင်းတိုက်ဝင်းအတွင်း ပါဝါလိုက်စားသောက်ဆိုင်၌ ကျင်းပမည်ဖြစ်သည်။

**ဆက်သွယ်နိုင်**

ကျောင်းသား ကျောင်းသူဟောင်းများ တက်ရောက်ကြပါရန်နှင့် ၁၉၇၀ပြည့်နှစ်အတွက် ဒေါက်တာ ဉာဏ်ထွန်း ဖုန်း-၀၉-၅၀-၀၂၀၉၆၊ ဒေါက်တာဇော်လင်း ဖုန်း-၀၁-၇၂၂၀၅၈၊ ဒေါက်တာကြည်ကြည်အေး ဖုန်း-၀၁-၃၈၀၇၃၉၊ ၁၉၇၁ခုနှစ်အတွက် ဒေါက်တာခင်မောင်လှိုင် ဖုန်း-၀၁-၅၀၃၄၂၈၊ ဒေါက်တာအောင်ဝင်းမောင် ဖုန်း-၀၉-၅၀-၀၅၃၃၇၊ ဒေါက်တာယုယု ဖုန်း-၀၉-၅၁-၂၆၅၃၂၊ ဒေါက်တာဘီဘီ ဖုန်း-၀၉-၅၁-၇၁၅၉၅၊ ၁၉၇၂ ခုနှစ်အတွက် ဒေါက်တာထင်လှ- ဒေါက်တာဥမ္မာကျော် ဖုန်း-၀၉-၅၁-၇၂၄၂၉၊ ဖုန်း-၀၁-၆၆၆၄၆၉၊ ဒေါက်တာစောအောင်ငွေ ဖုန်း-၀၉-၅၁-၀၈၃၁၄၊ ဒေါက်တာခင်သန်းနွယ် ဖုန်း-၀၁-၅၇၉၉၇၆၊ ၁၉၇၃ခုနှစ်အတွက် ဒေါက်တာဝေမြင့်ဖုန်း-၀၉-၅၀-၁၁၂၉၅၊ ဒေါက်တာမြသိန်း ဖုန်း-၀၉-၅၀-၂၆၀၆၂၊ ဒေါက်တာမီမီထွန်း ဖုန်း-၀၁-၇၀၅၄၇၆နှင့် ဒေါက်တာမကျင်ဆန်း ဖုန်း-၀၁-၅၆၁၇၄၁တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (မြန်မာ့အလင်း)

# လားရှိုးမြို့မဈေး အကျိုးတော်ဆောင်အဖွဲ့ စည်းဝေးကျင်းပ

လားရှိုး ဇန်နဝါရီ ၆

လားရှိုးမြို့စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီးတွင် ဈေးအကျိုးတော်ဆောင်အဖွဲ့ပထမအကြိမ်အစည်းအဝေးကိုဒီဇင်ဘာ ၂၃ရက်က မြို့မဈေးကြီးအပေါ်ထပ် ချယ်ရီရုံတွင် ကျင်းပသည်။

အစည်းအဝေးတွင် မြို့မဈေးကြီး၏ မီးဘေးလုံခြုံရေး၊ ဈေးဆိုင်ခန်းလုံခြုံရေး၊ သာရေး နာရေးကိစ္စရပ်များကို ဈေးသူဈေးသားများ အတူပူးပေါင်း ဆောင်ရွက်နိုင်ရေးကို အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးစိုးနိုင်က အကြံပြုဆွေးနွေးကြောင်း သိရသည်။ (မြို့နယ်စည်ပင်)

# မှုခင်းသတင်း

## မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်း မီးပွိုင့်၌ ယာဉ်တိုက်မှုဖြစ်

ရန်ကုန် ဇန်နဝါရီ ၆

မရမ်းကုန်းမြို့နယ် ရှစ်မိုင်လမ်းဆုံမှ ကျိုက်ဝိုင်းဘုရားလမ်းအတိုင်း ရှေ့မှနောက်သို့ မောင်းနှင်လာသော တောင်ဥက္ကလာပမြို့နယ် (၅)ရပ်ကွက် ဗြဟ္မစိုရ်လမ်း အမှတ် ၆/၈၈၂နေ မောင်နိုင်ဇော်မြင့်(ဘ)ဦးမြင့် အသက်(၃၉နှစ်)၏ အငှားယာဉ် လ/၁၉၉၉ ဟွန်ဒါအက်ကော့အဖြူရောင်သည် ယမန်နေ့နံနက် ၈နာရီခန့်က မင်းဓမ္မလမ်းဆုံ မီးပွိုင့်အရောက် မီးပွိုင့်နီ၍ရပ်ထားစဉ် နောက်မှလိုက်ပါလာသော လိုင်းအမှတ် (၁၀၃) မြောက်ဥက္ကလာပနှင့် လှိုင်သာယာပြေးဆွဲသည့် မထသ မော်တော်ယာဉ် တိုယိုအေ့စ်(ဒိုင်နာ)အဖြူရောင် ၂က/၁၁၉၆ ယာဉ်မောင်းဦးနိုင်နိုင်ဝင်း ကားမှ ဦးခေါင်းနှင့် အရှိန်ပြင်းစွာ အငှားယာဉ်နောက်တည့်တည့်ဝင်တိုက်မိ၍ အငှားယာဉ်နောက်ပိုင်းကြေသွားပြီး ဒိုင်နာမှာ လက်ယာဘက်အခြမ်းသို့ တုံးလုံးလဲ တိမ်းမှောက်ကာ (**အပေါ်ယာပုံ**) ရှေ့လေကာမှန်ချပ် အက်ကွဲကြေမွသွားသည်။

**ဒဏ်ရာရ**

အငှားယာဉ်ကားပေါ်ပါ ယာဉ်မောင်းနှင့်ခရီးသည်မှာ ဒဏ်ရာမရရှိဘဲ ဒိုင်နာလိုင်းကားပေါ်ပါ ခရီးသည် အမျိုးသားငါးဦး၊ အမျိုးသမီးခြောက်ဦး ထိခိုက်ဒဏ်ရာရသဖြင့် ပြန်လည်သန်စွမ်းရေး ဆေးရုံဝန်ထမ်းများက မြောက်ဥက္ကလာပ ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ကြသည်။



**အရေးယူဆောင်ရွက်**

အခင်းဖြစ်နေရာသို့ နယ်မြေ(၁) ယာဉ်မှုစစ် ဒုရဲအုပ်ကျော်စိုးရောက်ရှိပြီး စစ်ဆေးမှုပြုလုပ်ကာ ယာဉ်မောင်းသူအား ယာဉ်မဆင်မခြင်မောင်းနှင်မှုဖြင့် အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ (၁၁၁)

# မြန်မာ့အလင်း အမြို့မြို့ အနယ်နယ် လိုတိုရှင်းသတင်းများ

## မိုးကောင်း၌ လွတ်လပ်ရေးနေ့ ကျင်းပ

(၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားကို ဇန်နဝါရီ ၄ရက် နံနက်ပိုင်းက ကချင်ပြည်နယ် မိုးကောင်းမြို့နယ် လွတ်လပ်ရေးကျောက်တိုင်၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သော (၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ သဝဏ်လွှာကို မြို့နယ်ဥက္ကဋ္ဌ ဦးသန်းစိန်က ဖတ်ကြားခဲ့ကြောင်း သိရသည်။ (မြို့နယ် ပြန်/ဆက်)

## ဟိုပင် အထက အာစရိယပူဇော်

ကချင်ပြည်နယ် မိုးညှင်းခရိုင် ဟိုပင်မြို့အထက၌ ၁၉၉၈ခုနှစ်အထိ ပညာသင်ကြားခဲ့သော ကျောင်းသား ကျောင်းသူဟောင်းများ၏ တတိယအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၂၈ရက်က ဟိုပင်အထက တေဇခန်းမ၌ ကျင်းပရာ ဟိုပင်မြို့ အုပ်ချုပ်ရေးမှူးနှင့် ဖိတ်ကြားထားသောဧည့်သည်များ၊ ကန်တော့ခံဆရာ ဆရာမကြီးများနှင့်ကျောင်းသား ကျောင်းသူဟောင်းများ တက်ရောက်ကြသည်။ (၀၀၂)

## စာဆိုတော်နေ့အထိမ်းအမှတ် စာပေဟောပြော

နေပြည်တော်လယ်ဝေး မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့နှင့် အေလာဒေသ စာပေဝါသနာရှင်များက ကြီးမှူးကျင်းပသော ၁၃၇၀ပြည့်နှစ် စာဆိုတော်နေ့အထိမ်းအမှတ် စာပေဟောပြောပွဲကို ဒီဇင်ဘာ၂၇ရက် ည ၈နာရီက အေလာမြို့သစ် (၂)လမ်း လွတ်လပ်ရေးကျောက်တိုင်ရှေ့၌ကျင်းပရာ စာရေးဆရာညွန့်ဟံ(ကြူတော)၊ စာရေးဆရာအောင်စိုး (တီရစ္ဆာန်ဆေးကုဆရာဝန်)နှင့် စာရေးဆရာ နေဝင်းမြင့်တို့က ဟောပြောကြသည်။ (၀၈၃)

## စာကြည့်တိုက်များရေရှည်ခိုင်မာရေး ကွင်းဆင်းဆောင်ရွက်

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ်ပြန်/ဆက်ဦးစီးမှူးဦးစိုင်းထွန်းသိန်းနှင့် ဝန်ထမ်းများသည် ဒီဇင်ဘာ ၂၈ရက်က မြို့နယ်အတွင်း မန္တလေး-လားရှိုး ပြည်ထောင်စုလမ်းမကြီးပေါ်ရှိ နမ့်အွန်(ကွန်ခိုက်)၊ စံလောင်း၊ ကုန်းသာနှင့်ဆွတ်လန်းကျေးရွာများရှိ ကိုယ့်အားကိုယ်ကိုး ပညာ့အလင်းစာကြည့်တိုက်များသို့ ကွင်းဆင်းသွားရောက်၍ စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မာရေးနှင့်စာအုပ်များတိုးပွားရေးအတွက် ဆောင်ရွက်ရမည့်နည်းလမ်းများ ဆွေးနွေးကြသည်။ (မြို့နယ် ပြန်/ဆက်)

## ပညာအလင်းတန်းစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်

မြစ်သားမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့်မြင်းရွာကြီး ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့ ပူးပေါင်းကျင်းပသော ကျေးရွာကိုယ့်အားကိုယ်ကိုး ပညာအလင်းတန်းစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို ဒီဇင်ဘာ၂၅ရက် နံနက် ၁၀နာရီက အဆိုပါစာကြည့်တိုက်၌ကျင်းပသည်။ (မြို့နယ် ပြန်/ဆက်)

## မိုးကောင်း၌ ကတ္တရာထပ်ပိုးလွှာခင်းလမ်းဖွင့်

(၆၁)နှစ်မြောက်လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ကချင်ပြည်နယ် မိုးကောင်းမြို့နယ် ဈေးကုန်းရပ်ကွက် အောင်ဆန်းလမ်းကတ္တရာ ထပ်ပိုးလွှာခင်းလမ်းဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ၃ရက် နံနက် ၉နာရီကကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးသန်းစိန်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းနိုင်နှင့် ဈေးကုန်းရပ်ကွက်ဥက္ကဋ္ဌ ဦးဝင်းနိုင်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ (မြို့နယ် ပြန်/ဆက်)

## တနိုင်း၌ အသိပညာပေးဟောပြော

မြစ်ကြီးနားခရိုင် အမျိုးသမီးရေးရာအဖွဲ့နှင့် တနိုင်းမြို့နယ်အမျိုးသမီးရေးရာအဖွဲ့တို့က ကြီးမှူး၍ ဒီဇင်ဘာ၂၂ရက် မွန်းလွဲ၂နာရီက တနိုင်းမြို့ အထကကျောင်း၌ အသိပညာပေးဟောပြောပွဲကျင်းပရာ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်သက်သက်စိုးနှင့် အဖွဲ့ဝင် ခရိုင်ပြန်/ဆက် ဦးစီးအရာရှိ ဒေါ်မြင့်မြင့်ခိုင်တို့က ပညာပေးဟောပြောကြသည်။ (ခရိုင် ပြန်/ဆက်)

## အမျိုးသားကာကွယ်ဆေးတိုက်နေ့ အသိပညာပေးဆွေးနွေး

တံတားဦးမြို့နယ် ကျန်းမာရေးဦးစီးဌာနမှ ကြီးမှူးကျင်းပသည့် ဆေးလိပ်ဆေးရွက်ကြီး ထိန်းချုပ်ရေးဆိုင်ရာဥပဒေနှင့် အမျိုးသားကာကွယ်ဆေးတိုက်နေ့များ အသိပညာပေးဆွေးနွေးပွဲကို ဒီဇင်ဘာ ၃၀ရက် နံနက် ၁၀နာရီက မြို့နယ်ပြည်သူ့ဆေးရုံအတွင်းရှိ သံဃာ့ဆေးရုံခန်းမ၌ ကျင်းပသည်။ (မြို့နယ် ပြန်/ဆက်)

## စဉ့်ကူး၌ အခြေခံမီးသတ်သင်တန်းဖွင့်

စဉ့်ကူးမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် ကြီးမှူးဖွင့်လှစ်သော အခြေခံမီးသတ်သင်တန်း အမှတ်စဉ်(၁/၂၀၀၈)ဖွင့်ပွဲကို ဒီဇင်ဘာ၂၃ရက် နံနက်၁၀နာရီက မြို့နယ်ခန်းမ၌ကျင်းပရာ မြို့နယ်မီးဘေးကြိုတင်ကာကွယ်ရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ မြို့နယ်ဥက္ကဋ္ဌ ဦးစိုးမောင်လှုနှင့် အရန်မီးသတ်တပ်ဖွဲ့ တပ်ရင်းမှူး ဒုတိယရဲမှူးမြင့်လွင်တို့က အမှာစကား ပြောကြားကြသည်။ (မြို့နယ် ပြန်/ဆက်)

## နွားထိုးကြီး၌ စာတိုက်သစ်ဆောက်လုပ်

နွားထိုးကြီးမြို့နယ် (ဆက်သွယ်ရေးစာတိုက်)တွင် အင်တာနက်၊ အီးမေးလ်တို့ ဆက်သွယ်နိုင်သော P.A.C အင်တာနက်ဝန်ဆောင်မှု ဆက်သွယ်ရေးစခန်းဖွင့်ရန် မန္တလေးတိုင်း မြန်မာ့ဆက်သွယ်ရေးမှ လုပ်ငန်းများ ပြင်ဆင်ဆောင်ရွက်ပြီး စာတိုက်သစ်ကို မြင်းခြံ-မန္တလေးလမ်း အမှတ်(၈)ရပ်ကွက်တွင် ဆောက်လုပ်ပြီးစီးနေပြီဖြစ်ရာ မကြာမီ ပြောင်းရွှေ့ဖွင့်လှစ်မည်ဟု သိရသည်။ (၀၉၂)

## တောင်တွင်းကြီး၌ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်

မကွေးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမင်းအေးလွင်သည် တောင်တွင်းကြီးမြို့နယ်ဥက္ကဋ္ဌ ဦးမြတ်ကျော်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ လိုက်ပါလျက် ဒီဇင်ဘာ ၂၁ရက်က ဆတ်သွားစံပြကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ (မြို့နယ် ပြန်/ဆက်)

# နေပြည်တော်ရှိ အခြေခံပညာကျောင်းများ ပညာရေးဝန်ကြီးဒေါက်တာချမ်းငြိမ်း ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇန်နဝါရီ ၆**

ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းသည် ယမန်နေ့မွန်းလွဲပိုင်းက နေပြည်တော် အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်းသို့ရောက်ရှိ၍ ကျောင်းအုပ်ကြီး၊ အတန်းမှူးများ၊ ဘာသာပြ ဆရာ ဆရာမများနှင့်တွေ့ဆုံ၍ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး စာသင်ခန်းများကို ကြည့်ရှုစစ်ဆေးသည်။

**ကြည့်ရှုစစ်ဆေး**

ထိုမှတစ်ဆင့် ဝန်ကြီးသည် နေပြည်တော် အမှတ်(၆)၊ အမှတ်(၇)နှင့် အမှတ်(၈) အခြေခံပညာအထက်တန်းကျောင်းများသို့ သွားရောက်ကာ သင်ကြားရေးနှင့်စီမံခန့်ခွဲရေးကိစ္စရပ်များ၊ တန်းစဉ်အလိုက် စာမေးပွဲအောင်ချက်မြင့်မားရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ မှာကြားပြီး သင်ကြားသင်ယူနေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## အထူးအယူခံခုံရုံး ရုံးထိုင်

နေပြည်တော် ဇန်နဝါရီ ၆

တရားရုံးချုပ်(မန္တလေး)ဒုတိယတရားသူကြီးချုပ် ဦးခင်မောင်လတ်၊ တရားရုံးချုပ် (မန္တလေး) တရားရုံးချုပ် တရားသူကြီးများ ဖြစ်ကြသော ဦးမြင့်အောင်နှင့် ဦးကျော်ဝင်းတို့ပါဝင်သည့် အထူးအယူခံခုံရုံးသည် ယမန်နေ့ နံနက် ၁၀ နာရီက တရားရုံးချုပ် (နေပြည်တော်) တရားခွင်အမှတ်(၁)၌ရုံးထိုင်၍ ပြစ်မှုဆိုင်ရာအထူးအယူခံမှု လေးမှုနှင့် တရားမ အထူးအယူခံမှု ရှစ်မှုတို့ကို စီရင်ချက် ချမှတ်ခဲ့သည်။

ထို့ပြင် ၂၀၀၀ပြည့်နှစ်တရားစီရင်ရေးဥပဒေပုဒ်မ ၇ အရတင်သွင်းသည့် ပြစ်မှုဆိုင်ရာ အထူးအယူခံမှု သုံးမှု၊ တရားမ အထူးအယူခံမှု သုံးမှုနှင့် ပုဒ်မ ၈ အရ တင်သွင်းသည့် တရားမအထူးအယူခံမှု တစ်မှုစုစုပေါင်းခုနစ်မှုကိုကြားနာကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## မြောက်ဥက္ကလာပ အထက(၁) ကျောင်းသားဟောင်းများ အာစရိယပူဇော်ပွဲ

**ရန်ကုန် ဇန်နဝါရီ ၆**

ရန်ကုန်တိုင်း မြောက်ဥက္ကလာပမြို့နယ် အထက(၁) ကျောင်းသားကျောင်းသူဟောင်းများ၏(၁၇)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဇန်နဝါရီ၁ရက် (တနင်္ဂနွေနေ့) ညနေ ၄ နာရီတွင် အထက(၁) မေတ္တာရိပ်ရင်ပြင်၌ ကျင်းပမည်ဖြစ်ပြီး ဆရာ ဆရာမ၁၉၆ဦးတို့အား ပူဇော်ကန်တော့ကြမည်ဖြစ်ရာ အလှူငွေများ လှူဒါန်းလိုပါက အဂ္ဂမဟာသီရိသုဓမ္မ မဏိဇောတရေ ဦးအောင်ကြည်မြင့် ဖုန်း-၀၉-၅၁-၀၀၅၅၅၊ ၀၉-၅၁-၉၇၇၇၇၊ ဦးစိန်ဝင်း ဖုန်း-၀၉-၅၀-၂၇၅၇၇၊ ဦးစိုးသန်း ဖုန်း-၅၅၈၆၉၈၊ ဦးချိုအေး(ACA)၊ ဦးအေးကို ဖုန်း-၀၉-၈၀-၂၀၄၀၀၊ ၆၉၁၁၂၃၊ ဦးဆုတင် ဖုန်း-၀၉-၅၁-၈၂၇၂၃၊ ၀၉-၅၀-၀၉၉၀၁၊ ဦးပွင့်သစ် ဖုန်း-၀၉-၅၁-၁၂၃၂၅၊ ဦးမျိုးကြည်-ဒေါ်လှသိန်း ဖုန်း-၀၉-၅၀-၇၁၅၃၀ နှင့် အထက(၁) မြောက်ဥက္ကလာပ ဖုန်း-၆၉၉၃၈၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (မြန်မာ့အလင်း)



## ခရမ်းမြို့ ကျောင်းသား ကျောင်းသူဟောင်းများ အာစရိယပူဇော်ပွဲ ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၆**

ခရမ်းမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းတို့တွင် တာဝန်ထမ်းဆောင်ခဲ့ကြသော ဆရာကြီး ဆရာမကြီးများအား ကျောင်းသားကျောင်းသူဟောင်းများက စုပေါင်း၍ (၁၇) ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၂၈ရက်က ခရမ်းမြို့၌ ကျင်းပသည်။ **(အပေါ်ပုံ)**

အခမ်းအနားတွင် ပူဇော်ပွဲဖြစ်မြောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစောဝင်းက အမှာစကားပြောကြား၍ ကျောင်းသားကျောင်းသူဟောင်းများက ဆရာကြီး ဆရာမကြီးများအား ကန်တော့လက်ဆောင်ပစ္စည်းများ ပေးအပ်ပူဇော်ကန်တော့ကြပြီး ဆရာမကြီး ဒေါ်တင်အေး၊ ဆရာကြီးဦးထွန်းကြွယ်၊ ဦးမြသန်း၊ ဦးမြ၊ ဦးလှမြင့်နှင့် ဦးဖေတင်တို့က ဩဝါဒစကားပြောကြားကြပြီး ကျောင်းသားကျောင်းသူဟောင်းများက မြတ်ဆရာသီချင်းဖြင့် ဂုဏ်ပြုပူဇော်ခဲ့ကြကြောင်း သိရသည်။ (သတင်းစဉ်)

## ဖြိုးစေတနာ အခမဲ့ဆေးကုခန်းနှင့် တက္ကသိုလ်ဝင်တန်း ပညာဒါနအခမဲ့သင်တန်းဖွင့်

**ရန်ကုန် ဇန်နဝါရီ ၆**

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီနှင့် လူမှုရေးအသင်းအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်သော ဖြိုးစေတနာ အခမဲ့ဆေးကုခန်းနှင့် တက္ကသိုလ်ဝင်တန်း ပညာဒါန အခမဲ့သင်တန်းဖွင့်ပွဲ၊ ဆေးပဒေသာပင်၊ ပညာဒါန ပဒေသာပင်အလှူငွေပေးအပ်ပွဲကို ယမန်နေ့နံနက် ၇နာရီခွဲက ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် အမှတ်(၇)ရပ်ကွက် သုမင်္ဂလာလမ်းရှိ အဆိုပါ ပညာဒါန သင်တန်းခန်းမ၌ ကျင်းပရာ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ၊ ဖြိုးစေတနာ (အခမဲ့) ဆေးကုခန်းများ တာဝန်ခံ ဆရာဝန် ဒေါက်တာနေလင်းနှင့် တက္ကသိုလ်ဝင်တန်းပညာဒါနအခမဲ့သင်တန်း တာဝန်ခံ ဆရာဦးသန်းစိန်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး လူနာများအား ကုသနေမှုကို လှည့်လည်ကြည့်ရှုကြသည်။

**လှူဒါန်း**

ဆက်လက်၍ အလှူငွေပေးအပ်ပွဲကို ပညာဒါနသင်တန်းခန်းမ၌ ကျင်းပရာ မြို့တော်ဝန်က အမှာစကား ပြောကြားပြီး အလှူရှင် ၁၅၅ဦးတို့က စုစုပေါင်း ငွေကျပ် ၃၈၈၅၆၀၀ကို လှူဒါန်းကြသည်။

**ဖွင့်လှစ်ထား**

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီနှင့် လူမှုရေးအသင်းအဖွဲ့တို့ ပူးပေါင်း၍ ရန်ကုန်တိုင်းရှိ မြို့နယ်များ၌ ဖြိုးစေတနာအခမဲ့ဆေးကုခန်းများကိုဖွင့်လှစ်ခဲ့ရာ ယနေ့ဖွင့်လှစ်သည့်ဆေးကုခန်းအပါအဝင် ဆေးခန်းပေါင်း၂၄ခန်း ဖွင့်လှစ်ပြီးဖြစ်သည်။ တက္ကသိုလ်ဝင်တန်းပညာဒါနအခမဲ့ သင်တန်းများကို ရန်ကုန်မြို့၌ သုံးခု ဖွင့်လှစ်ထားရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## လွတ်လပ်ရေးနေ့ ဂုဏ်ပြု ကလေး၌ ကတ္တရာလမ်းသစ်ဖွင့်

**ကလေး ဇန်နဝါရီ ၆**

(၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ကလေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့်တာတန်ရပ်ကွက်ပြည်သူများ ကိုယ့်အားကိုယ်ကိုး ပူးပေါင်းဆောင်ရွက်ခဲ့သော ဗန္ဓုလလမ်း အပိုင်း(၂) ကတ္တရာလမ်းသစ် ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၄ရက် နံနက်၉နာရီက အဆိုပါ ကတ္တရာလမ်းသစ်မုခ်ဦး၌ ကျင်းပသည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်**

အခမ်းအနားတွင် ကလေးတပ်နယ်မှ ဗိုလ်မှူးကြီးအောင်စန်းချစ်နှင့် တပ်ရင်း တပ်ဖွဲ့များမှ အရာရှိများ၊ ခရိုင်နှင့်မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများ၊ ခရိုင်/မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်ပြည်သူများတက်ရောက်ကြပြီး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကိုကိုလတ်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးမိုးဟိန်းနှင့် လမ်းကော်မတီဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

အဆိုပါ ကတ္တရာလမ်းသစ်သည် မူလမြေသားလမ်းမှ ကတ္တရာလမ်းအဖြစ် အလျားပေ ၁၃၆၀၊ အနံ ၁၂ပေဖြစ်ပြီး ကလေးမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ငွေကျပ် ၅၁ဒသမ၅သိန်း၊ ပြည်သူလူထု ထည့်ဝင်ငွေကျပ် ၇၂သိန်း စုစုပေါင်းငွေကျပ် ၁၂၃ဒသမ၅သိန်း ကုန်ကျခံဆောင်ရွက်ခဲ့ကြောင်း သိရသည်။ (ခရိုင် ပြန် /ဆက်)

## ကျောင်းကုန်းမြို့နယ်၌ အမျိုးသားကာကွယ်ဆေးတိုက်နေ့ အသိပေးရှင်းလင်းဆွေးနွေးပွဲ ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၆**

အမျိုးသားကာကွယ်ဆေးတိုက်နေ့များ ၂၀၀၉ခုနှစ် မြို့နယ်အဆင့် အသိပေးရှင်းလင်းဆွေးနွေးပွဲကို ၂၀၀၈ခုနှစ် ဒီဇင်ဘာ ၃၁ရက် နံနက် ၈နာရီက ဧရာဝတီတိုင်း ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ် ပြည်သူ့ဆေးရုံ ဒေါ်သန်းတင်ခန်းမ၌ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဉာဏ်လှိုင်နှင့် မြို့နယ်ဆရာဝန်ကြီး ဒေါက်တာတင်ဝင်းမောင်တို့က ရှင်းလင်းဆွေးနွေးကြသည်။

**တက်ရောက်**

အခမ်းအနားသို့ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ (သတင်းစဉ်)

## မိုးရာသီဘဏ်ချေးငွေများ ပြန်လည်ကောက်ခံရေး ညှိနှိုင်းစည်းဝေး

**ရန်ကုန် ဇန်နဝါရီ ၆**

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၏ တနင်္သာရီတိုင်းအတွင်း မိုးရာသီ ဘဏ်ချေးငွေများ ပြန်လည်ကောက်ခံရေး ညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ ၁ရက် နံနက်ပိုင်းက မြိတ်မြို့ရှိ တနင်္သာရီတိုင်း ဘဏ်ခွဲ၌ ကျင်းပရာ ဦးဆောင်ညွှန်ကြားရေးမှူး ဦးတင်လွှမ်းက ထားဝယ်၊ သရက်ချောင်း၊ လောင်းလုံ၊ ရေဖြူ၊ မြိတ်နှင့် ပုလောမြို့နယ်တို့မှ ဘဏ်ဝန်ထမ်းများအား တွေ့ဆုံမှာကြားသည်။

ထို့နောက် ဦးဆောင်ညွှန်ကြားရေးမှူး ဦးတင်လွှမ်းသည် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၏ ပုလောမြို့နယ် ဘဏ်ခွဲသစ် အဆောက်အအုံကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်းသတင်းရရှိသည်။ (သတင်းစဉ်)





မျက်စိခွဲစိတ်ပြီးလူနာများအား မျက်စိအထူးကုဆရာဝန်ကြီးများက ပြန်လည်ကြည့်ရှုစစ်ဆေးကြစဉ်။ (မြန်မာ့အလင်း)

# အလင်းကမ္ဘာသစ်ဆီသို့

သတင်းဆောင်းပါး
ဒေါက်တာနီလာသိန်း
(လင်းရောင်သစ်)

စာမျက်နှာဖွဲ့စည်းမှု
ဝင်းချို(မြန်မာ့အလင်း)

ရန်ကုန် ဇန်နဝါရီ ၆

**ကောင်းကင်ဝယ် လမင်းကြီးက ဝင်းဝင်းပပ သာ၍နေသည်။ ဆေးရုံပြတင်းတံခါးမှ တိုးဝင်လာသော မြောက်လေနအေးနှင့်အတူ လမင်း၏ အလင်းဓာတ်ကြောင့် လောကတစ်ခွင်လုံး ရွှန်းစိုဝင်းလက်အေးမြနေပေသည်။ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းဆီမှ ပျံ့လွင့်လာသော အသံများကို ကြားယောင်ရင်း ဝမ်းသာကြည်နူးမှုများဖြင့် ပီတိမျက်ရည်များပင် ဝေ့ဝဲကျလာခဲ့ရသည်။ ငယ်စဉ်ကလေးအရွယ်မှစ၍ ဘဝ၏ အောင်မြင်ခြင်းများ၊ ကြိုးစားရုန်းကန်ခြင်းများ၊ ဝမ်းသာပျော်ရွှင်ခြင်းများနှင့်အတူ ဘဝ၏လှေကားထစ်ပေါင်းများစွာကို မဆုတ်မနစ် တက်လှမ်းခဲ့ရာ မြို့ကလေး၊ ရေခံမြေခံကောင်းများနှင့် ကျေးဇူးတရားရှိခဲ့ဖူးသည့် မြို့ကလေးဆီသို့ အလင်းပေးဝေသူအဖြစ် ပြန်လည်ကျေးဇူးဆပ်ခွင့်ရရှိခဲ့သည့် နေ့ရက်များဟုသာ မှတ်ယူနေမိပေသည်။**

## အပြုံးမျက်နှာ

မှန်ပေသည်။ ဤနေ့ ဤရက်သည်ကား ရေနံချောင်း မြို့နယ်သူ၊ မြို့နယ်သားအားလုံးအတွက် ထူးခြားလှသည့် နေ့တစ်နေ့အဖြစ် သမိုင်းတွင်ကျန်ရစ်ခဲ့ပေတော့မည်။ ကျက်သရေမင်္ဂလာအပေါင်းနှင့် ခညောင်းနေသော ဒီဇင်ဘာ ၁၅ရက် နံနက်ခင်းမှာပင် အလင်းအောင်ပွဲ အခမ်းအနားကို ခြိမ့်ခြိမ့်သဲသဲ ဆင်နွှဲနိုင်ခဲ့ပေပြီ။ ရေနံချောင်းမြို့ ပြည်သူ့ဆေးရုံဝင်းအတွင်းဝယ် မြို့မိ မြို့ဖများ၊ တာဝန်ရှိသူများ၊ မျက်စိ ဆရာဝန်ကြီးများနှင့် ဆရာမများ၊ အလင်းသစ်ကို ပြန်လည်ရရှိသွားသူများနှင့် ပံ့ပိုးကူညီခဲ့သူများ၏ ကြည်နူးပီတိ အပြုံးမျက်နှာများဖြင့် လှုပ်ရှားသက်ဝင်နေခဲ့ကြသည်။

အဆိုပါ အောင်ပွဲသည်ကား ကျန်းမာရေးဝန်ကြီးဌာန၊ ရွှေပါရမီ တောရဆရာတော် အရှင်ဆန္ဒာဓိက နှင့် အလှူရှင်ဒါယကာ၊ ဒါယိကာမများ၊ ရေနံချောင်းမြို့နယ် အသင်း(ရန်ကုန်)နှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ ပူးပေါင်းဆောင်ရွက်ခဲ့သည့် မျက်စိ အခမဲ့ခွဲစိတ်ကုသမှု အောင်ပွဲ အခမ်းအနားပင်ဖြစ်သည်။

## ကြီးကျယ်ခမ်းနား

အမှန်တကယ်လည်း ထူးခြားလှသည့် ပညာအလင်းအလှူ၊ စက္ခုအလင်းအလှူ နှစ်ဖြာသော အလှူတော်မင်္ဂလာပင်ဖြစ်သည်။ ဒီဇင်ဘာ ၁၄ရက်တွင် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း အတွင်း၌ ကြီးကျယ်ခမ်းနားလှသော ရွှေပါရမီကျောင်းဆောင်သစ်ကြီး ကျောင်းအပ်ပွဲအလှူတော်မင်္ဂလာအခမ်းအနားကို ကျင်းပနိုင်ခဲ့သည်။

ထိုနေ့က ပြုလုပ်သော အလင်းအလှူအတွက် မိမိတို့ နှမ်းတစ်စေ့မျှ၊ မြူတစ်မှုန်မျှ အကျိုးမမျှော်ကိုးပါ။ သံသရာဝယ် ဆွေမျိုးတော်စပ်ခဲ့ကြဖူးသူတို့အတွက် မေတ္တာစိတ်၊ ပရဟိတစိတ်သက်သက်ဖြင့် ဆောင်ရွက်ခဲ့ကြခြင်းဖြစ်ရာ မျက်စိခွဲစိတ်ကုသမှုခံယူခဲ့သူများအနေဖြင့် ရရှိထားသည့်အလင်းဓာတ်ကိုတန်အောင်၊ အကျိုးရှိအောင် မိမိတို့ဘာသာအသုံးချကြရမည် ဖြစ်ပေသည်။ ယခုအလင်းအလှူမှသည် အကြည်ဓာတ်၊ အမြင်ဓာတ်များ လျှရာရောက်သလို ချစ်ခင်ခြင်း၊ ပျော်ရွှင်ခြင်း၊ ငြိမ်းချမ်းခြင်းနှင့် အသိဉာဏ် အလှူများပါ ထပ်လောင်း ပါဝင်နေပေသည်။ နောက်ဆုံး၌ ဗောဓိဉာဏ်အလင်းဓာတ်ဖြစ်သည့် နိဗ္ဗာန်ချမ်းသာကိုပင် လျင်မြန်စွာ မျက်မှောက်ပြုနိုင်ကြပေဦးတော့မည်။

## တရေးရေးမြင်ယောင်

မြန်မာနိုင်ငံ အနယ်နယ် အရပ်ရပ်သို့ သွားရောက်ပြီး ပြည်သူလူထုအခြေပြု မျက်စိကျန်းမာရေး စောင့်ရှောက်မှု ခရီးစဉ်များကို ကျွန်မ၏ နှလုံးသားကြေးမုံပြင်ဝယ် တရေးရေးမြင်ယောင်လာရပြန်သည်။ မြန်မာနိုင်ငံ လူဦးရေ ၅၆သန်းကျော် ရှိသည့်အနက် ၇၀ရာခိုင်နှုန်းသည် ကျေးလက်နေပြည်သူများသာဖြစ်ကြရာ ကျန်းမာရေးဝန်ကြီးဌာန အနေဖြင့် မြန်မာနိုင်ငံ အနှံ့ခရီးဆန့်ကာ ကျေးလက်ဒေသများအထိ ကွင်းဆင်းစေ၍ အခမဲ့ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို အရှိန်အဟုန်မြှင့်၍ ဆောင်ရွက်ခဲ့ခြင်း ဖြစ်ပေသည်။

ကျွန်မတို့ အဖွဲ့အနေဖြင့် ရေနံချောင်းမြို့သို့ ၂၀၀၄ခုနှစ်နှင့် ၂၀၀၆ ခုနှစ်များက လာရောက်ခဲ့ပြီးဖြစ်ရာ ယခုတစ်ကြိမ်ဆိုလျှင် တတိယအကြိမ်မြောက် ဖြစ်ပေသည်။ ထို့ကြောင့် မျက်စိဝေဒနာရှင်များ နည်းပါးသွားမည်ဟု ခန့်မှန်းထားခဲ့သော်လည်း လက်တွေ့တွင်မူ ရေနံချောင်းမြို့နယ်မှ မျက်စိဝေဒနာရှင်များသာမက အနီးအနားမြို့နယ်များ ဖြစ်ကြသော ပွင့်ဖြူ၊ စလင်း၊ စကု၊ကုန်းဇောင်း၊ မိချောင်းရဲ၊ နတ်မောက်၊ ဆိပ်ဖြူ စသည့် မြို့နယ်၊ ကျေးရွာများမှပါ လာရောက်ပြသကြရာ စုစုပေါင်း ပြင်ပလူနာ ၄၅၀၇ဦးကို စမ်းသပ်စစ်ဆေး ကုသမှုများ ပေးခဲ့ရသည်။ လိုအပ်သောမျက်စဉ်းဆေးဝါးများနှင့်မျက်မှန်များကိုပါ အခမဲ့ပေးလှူနိုင်ခဲ့သည်။ ကြက်ပျံမကျ ပြည့်ကျပ်နေသော ပြင်ပလူနာဌာန၏ လူအုပ်ကြီးအလယ်တွင် ဒေါက်တာ ဒေါ်ခင်ဆန်းနွယ် ဦးဆောင်၍ ဒေါက်တာနန်းအိရွှေစင်၊ ဒေါက်တာမိုးအေးလတ်၊ ဒေါက်တာနင်းယုချစ်ဆိုင်၊ ဒေါက်တာဇေဇီကျော်၊ဒေါက်တာမျိုးအောင်ကျော်၊ ဒေါက်တာကိုကိုလင်း၊ ဒေါက်တာရွှေဝါအေးတို့က လာရောက်ပြသသည့် လူနာများအားလုံး မစမ်းသပ်လိုက်ရ မရှိစေရန် မနားတမ်းကြည့်ရှု စမ်းသပ်စစ်ဆေးပေးခဲ့ကြသည်။ မြို့နယ်၊ ရပ်ကွက်ကျေးရွာအလိုက် လူနာများ စနစ်တကျ ရှိစေရေးအတွက် စနစ်ကျနမှုရှိစေရန်၊ လူနာမှတ်ပုံတင်ခြင်း၊ လူနာအသွင်း၊အထုတ်များကို လူမှုရေးအသင်းဝင်များအားလုံးက ကူညီပံ့ပိုးပေးနေခဲ့ကြသည်။ ပင်ပန်းနွမ်းနယ်သည်မရှိ စေတနာမေတ္တာတို့ဖြင့် လန်းဆန်းတက်ကြွနေခဲ့ကြသည်။

## ဝမ်းသာပျော်ရွှင်

ထို့အတူ ခွဲစိတ်ခန်းနှစ်ခန်းအတွင်းတွင်လည်း လူနာခုနစ်ဦးကို တစ်ပြိုင်တည်း ခွဲစိတ်ပေးနေကြပေသည်။ ခွဲစိတ်ခန်း(၁)တွင်ပါမောက္ခဒေါက်တာဦးကံညွှန့်ဦးဆောင်၍ ဒေါက်တာဆွေဦးလွင်၊ဒေါက်တာနီလာသိန်း၊ ဒေါက်တာသိန်းထွန်း၊ ဒေါက်တာအောင်နေဦး၊ ခွဲစိတ်ခန်း(၂)တွင် ဒေါက်တာဦးညွှန့်အောင်၊ဒေါက်တာသိန်းဇော်၊ဒေါက်တာစန္ဒာမြင့်၊ဒေါက်တာနုနုရင်၊ဒေါက်တာမေကိုကိုသက်တို့နှင့် ဆရာမလေးများ၊ မိမိတို့အားလုံး တက်ညီ လက်ညီဖြင့် အတွင်းတိမ်လူနာ ၅၆၀ကို အောင်မြင်စွာ ခွဲစိတ်ပေးနိုင်ခဲ့ကြသည်။ ကျွန်မတို့၏ ခွဲစိတ်မှုအဝဝအတွက် ဘေးမှနေ၍ အနီးကပ်ကူညီပံ့ပိုးပေးနေသော သူနာပြုဆရာမလေးများမှာ ရန်ကုန်မျက်စိဆေးရုံကြီး၊ မြောက်ဥက္ကလာပဆေးရုံကြီးနှင့် အင်းစိန်ဆေးရုံကြီးတို့မှ လိုက်ပါလာသူများဖြစ်ရာ ၎င်းတို့သည်လည်း မွန်မြတ်သော လုပ်အားအလှူ ပေးလှူခွင့်ရ၍ ဝမ်းသာပျော်ရွှင်နေကြပေသည်။



မျက်စိခွဲစိတ်ပြီး လူနာများအား မျက်စိအထူးကု ဆရာဝန်ကြီးများက ပြန်လည်ကြည့်ရှုစစ်ဆေးစဉ်။ (မြန်မာ့အလင်း)

## လွယ်ကူမြန်ဆန်

ထို့အတူပင် ရေနံချောင်းဆေးရုံအုပ်ကြီးဒေါက်တာဦးလှရွှေ၊ဒေါက်တာမျိုးမင်းဦး၊ စစ္စတာဒေါ်မိမိမော်နှင့် ဆေးရုံဝန်ထမ်းများအားလုံးသည်လည်း ကျွန်မတို့အဖွဲ့မလာခင် တစ်လခန့်မှ စတင်ကာ တာဝန်ရှိသူများနှင့် အတူ ကြိုတင်စီစဉ်ဆောင်ရွက်မှုများ ပြုလုပ်ပေးခဲ့ကြပေသည်။ ခွဲစိတ်ခန်းရှေ့တွင်လည်း ခွဲစိတ်မည့် လူနာများ၏ သွေးတိုး၊ ဆီးချိုရောဂါများ စစ်ဆေးခြင်း၊ လိုအပ်သည့် ကုသမှုများပေးခြင်းတို့ကို မြို့ခံ ဆရာဝန်ကြီးများဖြစ်ကြသော ဒေါက်တာဦးထွန်းကြိုင်၊ ဒေါက်တာကျင်ဝှက်နှင့်ဒေါက်တာမေလှဲ့ထွန်းတို့က ကူညီဆောင်ရွက်ပေးနေသလို တစ်ဖက်တွင်လည်း ကိုဗိုလ်မင်း (Alcon ကုမ္ပဏီ)မှ မျက်တွင်းမှန်ပါဝါများကို မနားတမ်းတိုင်းတာပေးနေခဲ့ရာ ကျွန်မတို့၏ ခွဲစိတ်မှုလုပ်ငန်းများကို ပိုမိုလွယ်ကူ မြန်ဆန်စေခဲ့ရပေသည်။

သို့ဖြစ်ရာ ခရီးစဉ်တစ်ခု အောင်မြင်မှုသည် တစ်ဦးကောင်း၊တစ်ယောက်ကောင်း စွမ်းဆောင်မှုဖြင့် မရနိုင်ဘဲ သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများ၊ မြို့မိ မြို့ဖများ၊ အလှူရှင်များ၊ မြို့ခံ ဆေးရုံဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၏စည်းလုံးညီညွတ်မှု အင်အားများနှင့် အတူ ကျွန်မတို့ ဆရာဝန်၊ ဆရာမများ၏ မေတ္တာ၊ စေတနာနှင့်ပညာရပ်ကျွမ်းကျင်မှုတို့ကို ပေါင်းစပ်ကြရပေသည်။ သို့မှသာ အရေအတွက်ရော၊ အရည်အချင်းပါ ပြည့်မီသည့် အောင်မြင်မှုရလဒ်များ ထွက်ပေါ်လာနိုင်ပေလိမ့်မည်။

ထိုအခါ ကျွန်မတို့ ရေနံချောင်းခရီးစဉ်၏ အောင်ပွဲအခမ်းအနားကို ခြိမ့်ခြိမ့်သဲသဲ ဆင်နွှဲနိုင်ခဲ့ခြင်းအတွက် ကျေးဇူးတင်ထိုက်သူများကို ဤနေရာမှနေ၍ ကျေးဇူးတင်စကားဆိုချင်မိပေသည်။ ရှေးဦးစွာ ကျွန်မတို့ အဖွဲ့ကို စေလွှတ်တာဝန်ပေးခဲ့သော ကျန်းမာရေးဝန်ကြီးဌာန၊ အဘက်ဘက်မှ ပံ့ပိုးကူညီပေးခဲ့သော ခရိုင်ဥက္ကဋ္ဌဦးမင်းအေးလွင်နှင့့်တာဝန်ရှိသူများ၊ ဦးတင်မောင်ရီ(အထွေထွေမန်နေဂျာ၊ မြန်မာ့ရေနံ)နှင့် ဖော်ရိပ်သာ ဝန်ထမ်းများ၊ ဦးသက်မြင့်(ငွေးချိုဓာတ်ဆီဆိုင်မန်နေဂျာ)၊ဦးတင်မောင်သန်းမိသားစု (အောင်ရတနာပို့ဆောင်ရေး)၊ ဦးရှိန်ဝင်း၊ ဒေါ်ခင်ချိုဦး(တက်လမ်း)နှင့် ရွှေပါရမီအလှူရှင်များ၊ ရေနံချောင်းမြို့နယ်အသင်း(ရန်ကုန်)၏ နာယကများ ဖြစ်ကြသော ဦးစစ်မြိုင် (ငြိမ်း၊ညွှန်ကြားရေးမှူးချုပ်၊ လူမှုဝန်ထမ်း)၊ ဦးဝင်းကြည် (ညွှန်ကြားရေးမှူးချုပ်၊ ကြေးတိုင်နှင့်မြေစာရင်း)၊ ဦးကောင်း၊ ဦးလှရွှေ (ဥက္ကဋ္ဌ)၊ ဦးမောင်မောင်ထွန်း (မြို့မရတနာအသင်း)၊ ဦးခင်မောင်ဝင်း (ရာဂျာ)နှင့် ဦးချစ်ကို(ရွှေကြာငုံ) မိသားစုတို့အား ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်မိရပါသည်။

## အလင်းကမ္ဘာသစ်

နိဂုံးချုပ်အနေဖြင့် ဆိုရလျှင် ဤစည်းလုံး ညီညွတ်မှု စေတနာအရင်းခံများဖြင့်ပင် ကျွန်မတို့သည် ချစ်သော အမိမြေပေါ်တွင် အတူတကွ ရှင်သန်ရပ်တည်နေကြသည့် ပြည်သူများကို အလင်းကမ္ဘာသစ်ဆီသို့ ပို့ဆောင်ပေးနိုင်ခဲ့ကြပေပြီ။ တစ်နည်းအားဖြင့် ပြည်သူတို့၏ ဘဝအလင်းရောင်များကိုပါ ထွန်းညှိပေးလိုကြသည့် ဖြူစင်သော မေတ္တာ၊ မှန်ကန်သော စေတနာ၊ ရယူလိုမှုမပါသည့် ပေးဆပ်ခြင်းသက်သက်တို့သည်သာ ကျွန်မတို့၏ သစ္စာတရားများဖြစ်၍ အသက်ရှင်နေသမျှကာလပတ်လုံး ရှေ့သို့ဆက်လက်ချီတက်နေမည်သာဖြစ်သည်။ဤသို့ဆိုလျှင် ကျွန်မတို့အားလုံး၏ ကမ္ဘာသို့ တိုင်အောင် ဆောင်ကြဉ်းမည့် အလင်းအလှူများဖြင့် စကြဝဠာတစ်ခွင်လုံးသို့ ထာဝရဖြန့်ကြက်လင်းလက် နေပေဦးတော့မည်သာ ဖြစ်သည်။ ။

**(မြန်မာ့အလင်း)**

## စာပေဗိမာန်ထုတ် သုတပဒေသာ စာစောင်ဖြန့်ချိ

**ရန်ကုန် ဇန်နဝါရီ ၆**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း စာပေဗိမာန်က၂၀၀၉ခုနှစ်ဇန်နဝါရီလထုတ် သုတပဒေသာစာစောင် အတွဲ(၃၆) အမှတ်(၁)ကို ဘာသာပြန်စာပေများ စိတ်ဝင်စားသည့်စာဖတ်ပရိသတ်အတွက် ထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်သည်။

ယခုလထုတ် သုတပဒေသာ စာစောင်တွင်မောင်ဆုရှင်၊ ဒေါက်တာခင်မောင်ညွှန့်၊ ခင်စောတင့်၊ ချိုးဖြူခင်၊ ဦးငွေသိန်း(ကုမ္ပဏီလမ်းညွှန်)၊ စိုးသီဟနောင်၊ မောင်လှိုင်းသစ်၊ မောင်သိန်းလှိုင်၊ မောင်မောင်မြင့်သိန်း (စက်မှုတက္ကသိုလ်)၊ တောင်တွင်းမင်းစိုး၊ ကေတီအောင်သိန်း (ရန်ကုန်တက္ကသိုလ်)၊ ဇကရီ၊ မင်းကြော့ရှိန်၊ ဒေါက်တာမြင့်သန်း (သန္တေသား)၊ ဒေါက်တာမြင့်မြင့်သိန်း၊ မြတ်မင်း၊ မောင်ဝင်းသူ(ဝါးခယ်မ)၊ ကျော်စိန်ညွှန့်၊ စိန်ဝင်းမော်၊ လေးဝတီကျော်၊ လှတိုး(စိတ်ပညာ)၊ ကိုဆွေ(ပန်နိုရားမား)၊ ဒေါက်တာလွှမ်းမိုးဟန်၊ ဖူးပွင့်သူ စသည့် စာရေးဆရာများ၏ အသက်ရာကျော်ဖို့အရေး၊ မသေဆေး၊ မူးယစ်ဆေးဝါးပြတ်စေနိုင်တဲ့အာဖရိကသစ်ပင်၊ ဟင်းသီးဟင်းရွက်များဖြင့် ပြုလုပ်ထားသည့် တူရိယာများ၊ မှသားစကားကြောင့် နာမည်ကျော်အားကစားမယ် မျက်ရည်ဖြင့် အဆုံးသတ်ရပုံ၊ ဘုံငွေစက္ကူစနစ် တည်ထောင်ရေးဆီသို့၊ တစ်ပါးသူ ဖိတ်ခေါ်မိလို့၊ စစ်ပွဲအတွင်းက တစ္ဆေသင်္ဘောများ၊ စိတ်ကူးအိပ်မက်၊ ထိုင်းနိုင်ငံမှ HIVကလေးငယ်များ၏ဘဝ၊ ကလေးများ သဲဖြင့်ကစားကြသည့် အကျိုးကျေးဇူး၊ တောတွင်းသူ သားအမိ၊ ချင်းမိုင်မှ ခြင်ပြတိုက်၊ မြေဝါနုလွင်ပြင်ဒေသ၏ ဇာထိုးပန်းထိုး လက်ရာများ၊ တချို့က စပ်မှကြိုက်တယ်၊ အာဘိဓာန်ဥဒါန်း စသည့် ဘာသာပြန်ကဗျာ၊ ဆောင်းပါး၊ ဝတ္ထုများအပြင် လစဉ်ပါနေကျဖြစ်သည့် ထူးဆန်းထွေလာ၊ ဟာသ၊ သုတတိုထွာ၊ သတင်းသုတ၊ နိုင်ငံတကာမြင်ကွင်း၊ ကမ္ဘာ့မူးယစ်ဆေးဝါးသတင်း အစရှိသည့် ဗဟုသုတဖြစ်ဖွယ် သိမှတ်ဖွယ် သုတရသ အကြောင်းအရာမျိုးစုံ ပါရှိသည်။

အဆိုပါ သုတပဒေသာ စာစောင်ကို အမှတ် ၅၂၉-၅၃၁ ကုန်သည်လမ်း ရန်ကုန်မြို့ရှိ စာပေဗိမာန် စာအုပ်ဆိုင်နှင့် မြို့အသီးသီးရှိ စာပေဗိမာန် ကိုယ်စားလှယ်များထံတွင် ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## အထက(၅)ဗိုလ်တထောင် ပညာရည်ချွန်ဆုပေးပွဲကျင်းပမည်

**ရန်ကုန် ဇန်နဝါရီ ၆**

ဗိုလ်တထောင်မြို့နယ် အမှတ် (၅) အခြေခံပညာ အထက်တန်းကျောင်းမှ ၂၀၀၇-၂၀၀၈ ပညာသင်နှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသော ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများ၊ ပညာရည်ချွန်ဆု၊ ဘက်စုံ ထူးချွန်ဆုရ ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၀ရက် (စနေနေ့) နံနက် ၈နာရီတွင် အဆိုပါကျောင်းခန်းမ၌ ကျင်းပမည် ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

● ***ရှေ့ဖုံးမှ***

ဘားလား(၁) စံပြလယ်ယာ လျှပ်စစ်ရေတင် စီမံကိန်းကို ၂၀၀၄ ခုနှစ် ဒီဇင်ဘာ ၁ ရက်တွင် စတင်အကောင်အထည်ဖော်ခဲ့ရာ ၂၀၀၅ခုနှစ် ဖေဖော်ဝါရီ ၂၇ရက်တွင် စီမံကိန်းပြီးစီးခဲ့သည်။ ဘားလား(၁) စံပြလယ်ယာ လျှပ်စစ်ရေတင်စီမံကိန်းသည် မင်္ဂလာဒုံမြို့နယ် အမှတ်(၃) လမ်းမအနီး ရန်ကုန်-မန္တလေးလမ်းမဘေးတွင်တည်ရှိပြီး ငမိုးရိပ်ဆည်ရေပေး တူးမြောင်းမှ ရေအရင်းအမြစ်ကို အသုံးပြု တည်ဆောက်ထားခြင်းဖြစ်သည်။

ဘားလား(၁) စံပြလယ်ယာ လျှပ်စစ်ရေတင်စီမံကိန်းသည် ရေတင်အမြင့် ၁၀ ပေ၊ ရေတင်အဆင့်တစ်ဆင့်၊ ရေတင်စနစ် Fixed Type၊ မြောင်းမကြီး အလျားပေ ၂၅၀၀၊ လက်တံမြောင်းများ ပေ ၁၃၀၀၀၊ တူးမြောင်းအဆောက်အအုံ ၄၆ခု၊ ရေစုပ်စက်မော်တာ 40HP (30)KW နှစ်စုံပါဝင်ပြီး စိုက်ပျိုးမြေဧက ၃၀၀ ကို အကျိုးပြုလျက်ရှိသည်။

**ဘားလား(၂)**

ဘားလား(၂) စံပြလယ်ယာ လျှပ်စစ်ရေတင်စီမံကိန်းကို ၂၀၀၄-၂၀၀၅ ဘဏ္ဍာနှစ်တွင် စတင်အကောင်အထည်ဖော်ခဲ့ရာ ၂၀၀၅-၂၀၀၆ ဘဏ္ဍာနှစ်တွင် စီမံကိန်းပြီးစီးခဲ့သည်။



ဘားလား(၂) စံပြလယ်ယာ လျှပ်စစ်ရေတင် စီမံကိန်းသည် လှည်းကူးမြို့နယ် ရန်ကုန်-မန္တလေး လမ်းမဘေးတွင် တည်ရှိပြီး ငမိုးရိပ်ဆည် ဘားလားတူးမြောင်းသစ်မှ ရေအရင်းအမြစ်ကို အသုံးပြု၍ တည်ဆောက်ထားခြင်း ဖြစ်သည်။

ဘားလား(၂) စံပြလယ်ယာ လျှပ်စစ်ရေတင်စီမံကိန်းသည် ရေတင်အမြင့် ၁၅ ပေ၊ ရေတင်အဆင့်တစ်ဆင့်၊ ရေတင်စနစ် Fixed Type၊ မြောင်းမကြီး အလျားပေ ၁၀၀၀၀၊ လက်တံမြောင်းများ ပေ ၁၉၀၀၀၊ တူးမြောင်းအဆောက်အအုံ ၅၂ ခု၊ ရေစုပ်စက်မော်တာ 30 HP (22)KW သုံးစုံ ပါဝင်ပြီး စိုက်ပျိုးမြေ ဧက ၇၀၀ ကို အကျိုးပြုလျက်ရှိသည်။

**အောင်မြင်မှုရရှိ**

ဘားလား(၂) စံပြလယ်ယာ လျှပ်စစ်ရေတင်စီမံကိန်းတွင် စပါးခွံဓာတ်ငွေ့လောင်စာနှင့် 30 HP ဒီဇယ်အင်ဂျင် (Duel Type Engine) ကို တွဲဖက် စမ်းသပ်၍ ရေတင်ခဲ့ရာ အောင်မြင်မှုရရှိနေပြီဖြစ်သည်။ စပါးခွံဓာတ်ငွေ့လောင်စာ အင်ဂျင်ကို အသုံးပြု၍ ရေတင်သည့်အတွက် ဒီဇယ်ဆီကုန်ကျနှုန်းမှာ သုံးပုံနှစ်ပုံလျော့နည်းပြီး နွေစပါးတစ်ဧကလျှင် ငွေကျပ် ၁၇၇၃၀ သက်သာကြောင်း သိရသည်။



**ဘားလား(၂) စံပြလယ်ယာ လျှပ်စစ်ရေတင်စီမံကိန်းတွင် စပါးခွံဓာတ်ငွေ့လောင်စာပြုလုပ်သည့် လှောင်ကန်အတွင်းသို့ စပါးခွံလောင်စာ ထည့်သွင်းနေမှုကို ဤသို့ တွေ့ရသည်။**

**ဘားလား(၂) စံပြလယ်ယာ လျှပ်စစ်ရေတင် စီမံကိန်း၏ ရေတင်စခန်းအတွင်းရှိ စပါးခွံဓာတ်ငွေ့လောင်စာနှင့် တွဲဖက်အသုံးပြုသည့် အင်ဂျင်စက်ကို ဤသို့ တွေ့ရသည်။**

လှည်းကူးမြို့နယ်နှင့် မင်္ဂလာဒုံမြို့နယ်တို့မှ နွေစပါးစိုက် တောင်သူများအနေဖြင့် ယခင်က လျှပ်စစ်ဓာတ်အားမရရှိချိန်တွင် ရေမတင်နိုင်၍ (အောင်ရေ မရသဖြင့်) စိုက်ရက်ကို စောင့်ဆိုင်းခဲ့ရခြင်းမျိုး ရှိခဲ့သော်လည်း ယခုအခါ ဇီဝစွမ်းအင် (စပါးခွံဓာတ်ငွေ့လောင်စာ)ကိုအသုံးပြုကာ ရေတင်နိုင်သဖြင့် ရေကို လိုအပ်သည့် အချိန်တွင် လိုအပ်သလောက် ရရှိနေပြီဖြစ်သည်။

**အကျိုးကျေးဇူး**

တောင်သူများအနေဖြင့် နွေစပါးအတွက် အောင်ရေကို အချိန်မရွေး ရရှိနိုင်သကဲ့သို့ စပါးခွံ ဓာတ်ငွေ့လောင်စာအတွက် လိုအပ်သော စပါးခွံကုန်ကြမ်းကို တောင်သူများထံမှ စီမံကိန်းအရောက် တစ်တင်းလျှင် ငွေကျပ် ၂၀၀ နှုန်းဖြင့် ဝယ်ယူအသုံးပြုလျက်ရှိရာ တောင်သူများ အပိုဝင်ငွေရရှိသည့် အကျိုးကျေးဇူးကိုပါ တစ်ပြိုင်တည်း ခံစားနေကြရပြီ ဖြစ်သည်။

ရေအရင်းအမြစ် အသုံးချရေးဦးစီးဌာနသည် ဇီဝစွမ်းအင် (စပါးခွံဓာတ်ငွေ့လောင်စာ)ဖြင့် ရေတင်ခြင်းကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုနိုင်ရန် စီစဉ်ဆောင်ရွက်၍ စိုက်ပျိုးရေးလုပ်ငန်းများကို အထောက်အကူပြုလျက်ရှိရုံသာမက ဇီဝစွမ်းအင်(စပါးခွံ ဓာတ်ငွေ့လောင်စာ) အသုံးပြု၍ ကျေးရွာ မီးလင်းရေးကိုပါ တစ်ဖက်တစ်လမ်းက ကြိုးစား အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း ဖော်ပြလိုက်ရပါသည်။ ။

**(မြန်မာ့အလင်း)**



**ဘားလား(၂) စံပြလယ်ယာ လျှပ်စစ်ရေတင်စီမံကိန်း မြောင်းမကြီးမှ လယ်မြေများသို့ ရေများစီးဆင်းလျက်ရှိသည်ကို ဤသို့ တွေ့ရသည်။**

# မြန်မာလိဂ် အဆင့်မြင့်တန်းအမှတ်ပေးဘောလုံးပြိုင်ပွဲ ဆက်လက်ကျင်းပ

# စွမ်းအင်အသင်းနှင့် ဘဏ္ဍာ/အခွန်အသင်းတို့ အနိုင်ရရှိ

သတင်းမြင်ကွင်းနှင့်ဓာတ်ပုံ - ဖိုးသော်ဇင် ❖ စာမျက်နှာဖွဲ့စည်းမှု - တိုးလွင် (မြန်မာ့အလင်း)

ရန်ကုန် ဇန်နဝါရီ ၆

**၂၀၀၈-၂၀၀၉ ဘောလုံးရာသီ မြန်မာလိဂ် အဆင့်မြင့်တန်းအမှတ်ပေးဘောလုံးပြိုင်ပွဲကို ယမန်နေ့ညနေ ၃နာရီက အောင်ဆန်းအားကစားကွင်းနှင့် သုဝဏ္ဏကွင်းတို့မှာ ဆက်လက်ကျင်းပရာ စွမ်းအင်အသင်းနှင့် ဘဏ္ဍာ/အခွန်တို့ အနိုင်ရရှိသွားပါတယ်။**

**အောင်ဆန်းကွင်း**

**စွမ်းအင် - နှစ်ဂိုး**

**Air Bagan F.C - တစ်ဂိုး**



**Air Bagan မှ နိုင်ဦးလွင်နှင့် စွမ်းအင်မှ မျိုးဇော်ဦးတို့ သူတင်ကိုယ်တင် ဤသို့ ယှဉ်ပြိုင်ခဲ့ကြသည်။** (မြန်မာ့အလင်း)

**ဆုံးရှုံး**

အဆင့်မြင့်တန်းကို စရောက်တဲ့နှစ်မှာပဲ မထင်မှတ်တဲ့ ရလဒ်တွေ စွမ်းဆောင်ပြီး ခြေစွမ်းပြနေတဲ့ Air Bagan အသင်းဟာ အခုပွဲမှာလည်း နိုင်ပွဲဆက်ရန် အခွင့်အရေးတွေ ရခဲ့ပေမယ့် ဦးဆောင်ဂိုးကို မထိန်းနိုင်ခဲ့တာကြောင့် ရှုံးပွဲနဲ့ ကြုံတွေ့ခဲ့ရတာပဲဖြစ်ပါတယ်။ Air Bagan F.C ဟာ မိနစ်၅၀ကျော်အထိ နိုင်ဦးလွင်ရဲ့ ဂိုးနဲ့ ဦးဆောင်နိုင်ခဲ့ပေမယ့် ဂိုးသမား အမှားကနေ ချေပဂိုး ပြန်ပေးရပြီး ဒုတိယဂိုးပါ ထပ်ပေးလိုက်ရတာကြောင့် နိုင်ပွဲဆက်ဖို့ အခွင့်အလမ်းကောင်းတွေ ဆုံးရှုံးသွားခဲ့ရပါတယ်။

**နစ်နာခဲ့**

ယမန်နှစ် ပြိုင်ပွဲတုန်းက ရလဒ်မကောင်းခဲ့တဲ့ စွမ်းအင်အသင်းကတော့ အခုနှစ်မှာ ရလဒ်ကောင်းတွေ ရရှိနေပြီး သုံးပွဲမှာ ခုနစ်မှတ်ရရှိပြီး ဒုတိယနေရာအထိ တက်လာခဲ့ပါတယ်။ဇော်ထက်အောင်၊ ကျော်ခိုင်ဝင်း၊ အောင်ကျော်မျိုး၊ နိုင်ဝင်းတို့နဲ့ လူစုံထုတ်ခဲ့တဲ့ စွမ်းအင်အသင်းဟာ အကောင်းဆုံးခြေစွမ်း မရရှိခဲ့ပေမယ့် လိုအပ်တဲ့နိုင်ပွဲကိုတော့ ရယူနိုင်ခဲ့ပါတယ်။ ကမ္ဘောဇအသင်းကို အနိုင်ရခဲ့တဲ့ လူစာရင်းကိုပဲ အမာခံထား ယှဉ်ပြိုင်ခဲ့တဲ့ Air Bagan အသင်းဟာ ပွဲအစပိုင်းမှာ အချိတ်အဆက်မိမိနဲ့ စွမ်းအင်ကို ရင်ဆိုင်နိုင်ခဲ့ပါတယ်။ နိုင်ဦးလွင်၊ နိုင်နိုင်၊ ကျော်ဇေယျာဝင်းတို့ ဦးဆောင်တဲ့ Air Bagan အသင်းဟာ အတက်အဆင်းမှန်မှန်နဲ့ ရင်ဆိုင်ခဲ့ပြီး ခုနစ်မိနစ်မှာပဲ ဂိုး စတင်သွင်းယူနိုင်ခဲ့ပါတယ်။ စွမ်းအင် နောက်ခံလူတွေ လူကပ်ကစားတာ လွတ်ထွက်သွားတာကို နိုင်ဦးလွင်က ဆွဲပြေးပြီး ကန်သွင်းခဲ့တာဖြစ်ပါတယ်။ အဲဒီနောက်ပိုင်းမှာ ကျော်ဇေယျာဝင်း ဂိုးရရှိနိုင်တဲ့ အခွင့်အရေး နှစ်ကြိမ် ရခဲ့ပေမယ့် လွဲချော်ခဲ့လို့ Air Bagan နစ်နာခဲ့ရပါတယ်။

**အရှုံးရလဒ်**

အခုပွဲရဲ့ အလှည့်အပြောင်းကတော့ ပွဲချိန် ၅၂ မိနစ်မှာ ဂိုးသမား နိုင်ဇေယျာထွန်း အမှားကနေ Air Bagan ချေပဂိုး ပြန်ပေးလိုက်ရတာပါပဲ။ နိုင်ဇေယျာထွန်း ဘောလုံးဖမ်းတာ လွတ်ကျသွားတာကနေ စွမ်းအင် တိုက်စစ်မှူး စိုင်းသန်းအောင်က ချေပဂိုး ပြန်လည်သွင်းယူတာဖြစ်ပါတယ်။ အဲဒီနောက်ပိုင်းမှာ စိတ်ဓာတ်တက်သွားတဲ့ စွမ်းအင် ဖိကစားလာနိုင်ပြီး ၆၆မိနစ်မှာ ပြစ်ဒဏ်ဘောကနေ ကျော်ခိုင်ဝင်းက အနိုင်ဂိုးကို ခေါင်းတိုက် သွင်းယူသွားပါတယ်။ မိနစ် ၇၀ နောက်ပိုင်းမှာ နည်းပြ မျိုးလှိုင်ဝင်း ဝင်ကစားခဲ့ပေမယ့် Air Bagan အသင်းကတော့ အရှုံးရလဒ်ကို မပြောင်းနိုင်ခဲ့ပါဘူး။

**သုဝဏ္ဏကွင်း**

**ဘဏ္ဍာ/အခွန် - နှစ်ဂိုး**

**ပြည်ထဲရေး - တစ်ဂိုး**

ဘဏ္ဍာ/အခွန်အတွက် အနိုင်ဂိုးတွေကို ၇၈မိနစ်မှာ ထွန်းထွန်းဝင်း၊ ၈၂မိနစ်မှာ ဇော်ထိုက်တို့က သွင်းယူခဲ့ပြီး ပြည်ထဲရေးအတွက် ချေပဂိုးကို ၈၈မိနစ်မှာ စည်သူဝင်းက သွင်းယူခဲ့ပါတယ်။ ယနေ့ပွဲအပြီးမှာ အနိုင်ရခဲ့တဲ့ လက်ရှိချန်ပီယံ ဘဏ္ဍာ/အခွန်နဲ့ စွမ်းအင်တို့ သုံးပွဲကစား နှစ်ပွဲနိုင်၊ တစ်ပွဲသရေဖြင့် ခုနစ်မှတ်စီ ရရှိထားပြီး ဂိုးကွာခြားချက်နဲ့ ဘဏ္ဍာ/အခွန်က ထိပ်ဆုံးရောက်နေပြီး စွမ်းအင်က ဒုတိယနေရာ လိုက်နေပါတယ်။ ။ **(မြန်မာ့အလင်း)**

# နတ်မောက်မြို့နယ်အသင်း(ရန်ကုန်) သက်ကြီးပူဇော်ပွဲ

**ရန်ကုန် ဇန်နဝါရီ ၆**

(၁၉)ကြိမ်မြောက် နတ်မောက်မြို့နယ်အသင်း (ရန်ကုန်)၏ သက်ကြီးနာယကများ ပူဇော်ပွဲ၊ တက္ကသိုလ်ဝင်စာမေးပွဲအောင် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုပွဲကို ဇန်နဝါရီ ၁၁ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီခွဲတွင် ကြည့်မြင်တိုင်မြို့နယ် ကမ်းနားလမ်းနှင့် နတ်စင်လမ်းထောင့်ရှိ သာဓုပရိယတ္တိစာသင်တိုက်၌ ကျင်းပမည်ဖြစ်ရာ အသင်းသူ အသင်းသားများ၊ မြို့နယ်သူမြို့နယ်သားများ မပျက်မကွက်တက်ရောက်ကြပါရန်နှင့် နာရေးကူညီမှု ရန်ပုံငွေ ထည့်ဝင်ရန်နှင့် အသင်းသားများ၏ လိပ်စာ စာအုပ်သစ်ထုတ်ဝေနိုင်ရန်၊ အလှူငွေနှင့် ပစ္စည်းများကို ဖုန်း-၀၁-၅၁၂၀၆၆၊ ဥက္ကဋ္ဌ ဦးဟန်ဇော် ဖုန်း-၅၆၃၉၁၄၊ ဒုတိယဥက္ကဋ္ဌ ဦးအောင်သန်း ဖုန်း-၅၇၂၃၄၉၊ ဒုတိယဥက္ကဋ္ဌ ဦးတင်ဝင်း ဖုန်း-၆၆၇၅၁၁၊ ဦးထွန်းညွန့် ဖုန်း-၅၁၇၁၂၂ နှင့် ဦးအောင်သန်းထွန်း ဖုန်း-၅၄၃၃၉၁၊ ၅၅၇၂၃၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

# အမေရိကန်သံရုံးနှင့် ဗြိတိန်သံရုံးတို့က NLD ဌာနချုပ်သို့ ဒီဇင်ဘာလအတွင်း (၂၅)ကြိမ် ဝင်ထွက်ခဲ့

**ရန်ကုန် ဇန်နဝါရီ ၆**

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ဗဟိုသည် ရန်ကုန်မြို့ရှိ အမေရိကန်သံရုံး၊ ဗြိတိန် သံရုံးတို့နှင့် အမြဲမပြတ်ဆက်သွယ်၍ ညွှန်ကြားချက်များ လိုက်နာဆောင်ရွက်လျက်ရှိသဖြင့် ၄င်းတို့၏ ဆက်သွယ် ဆောင်ရွက်မှုများကို ပြည်သူလူထုက ဝေဖန်လျက်ရှိပြီး မပြတ်ကြည့်ရှု သတိပြုနေကြသည်။

ရန်ကုန်မြို့ အနောက်ရွှေဂုံတိုင်လမ်းရှိ NLD ဌာနချုပ်သို့ ရန်ကုန်မြို့ရှိ အမေရိကန်သံရုံးနှင့်ဗြိတိန်သံရုံးတို့က ၂၀၀၈ခုနှစ် ဒီဇင်ဘာလအတွင်း (၂၅)ကြိမ် ဝင်ထွက်မှုရှိခဲ့ကြောင်း၊ အဆိုပါသံရုံးများသည် NLD,CEC အဖွဲ့ဝင်များနှင့် တွေ့ဆုံခြင်း၊ စာအိတ်ကြီး၊ စာအိတ်ငယ် ပေးပို့ခြင်းများ ပြုလုပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ ကမ္ဘာ့နိုင်ငံအကြီးအကဲများ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့

နေပြည်တော် ဇန်နဝါရီ ၆

ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံသို့လည်းကောင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးထံသို့လည်းကောင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်ထံသို့လည်းကောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံသို့လည်းကောင်း ကမ္ဘာ့နိုင်ငံများမှ နိုင်ငံအကြီးအကဲများနှင့် ဝန်ကြီးချုပ်များ၊ နိုင်ငံခြားရေးဝန်ကြီးများက လွတ်လပ်ရေးနေ့သဝဏ်လွှာများ ပေးပို့ကြသည်။

## ဟယ်လင်းနစ်သမ္မတနိုင်ငံ

၂၀၀၉ ခုနှစ် ဇန်နဝါရီ ၄ရက်က ကျရောက်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံသို့ ဟယ်လင်းနစ်သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာ ကော့စ်တပ်စ်ကာ ရာမန်လပ်စစ်ထံမှ လွတ်လပ်ရေးနေ့သဝဏ်လွှာပေးပို့သည်။

အဆိုပါသဝဏ်လွှာ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ဟယ်လင်းနစ်သမ္မတနိုင်ငံ အစိုးရအနေဖြင့်လည်းကောင်း၊ မိမိအနေဖြင့်လည်းကောင်း ဂုဏ်ယူဝမ်းမြောက်စွာ သဝဏ်လွှာပါးအပ်ပါကြောင်း၊ ဟယ်လင်းနစ်-မြန်မာဆက်ဆံရေးသည် ကာလကြာရှည်စွာဖြင့် ချစ်ကြည်ရင်းနှီးလျက်ရှိပါကြောင်း ဖော်ပြပါရှိသည်။

ထို့အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံသို့ ဟယ်လင်းနစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စစ်ဒိုရာဘာကိုဂျီအမ်နီက လွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့ခဲ့သည်။

## ပိုလန်သမ္မတနိုင်ငံ

၂၀၀၉ ခုနှစ် ဇန်နဝါရီ ၄ရက်၌ ကျရောက်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၆၁)နှစ်မြောက်လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံသို့ ပိုလန်သမ္မတနိုင်ငံ သမ္မတ မစ္စတာလက်(ချ်)ကာဇင်(န်) စကီးထံမှ လွတ်လပ်ရေးနေ့ သဝဏ်လွှာ ပေးပို့သည်။

အဆိုပါ သဝဏ်လွှာ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ပိုလန်သမ္မတနိုင်ငံ အစိုးရအနေဖြင့်လည်းကောင်း၊ မိမိအနေဖြင့် လည်းကောင်း ဂုဏ်ယူဝမ်းမြောက်စွာ သဝဏ်လွှာပါးအပ်ပါကြောင်း၊ ပိုလန်-မြန်မာဆက်ဆံရေးသည် ကာလကြာရှည်စွာဖြင့် ချစ်ကြည် ရင်းနှီးလျက်ရှိပါကြောင်း ဖော်ပြပါရှိသည်။

## ဗြိတိန်နိုင်ငံ

၂၀၀၉ ခုနှစ် ဇန်နဝါရီ ၄ရက်၌ ကျရောက်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံသို့ မြန်မာနိုင်ငံဆိုင်ရာ ဗြိတိန်သံအမတ်ကြီးထံမှ လွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့သည်။

အဆိုပါ သဝဏ်လွှာ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ဗြိတိန်နိုင်ငံ အစိုးရအနေဖြင့်လည်းကောင်း၊ မိမိအနေဖြင့်လည်းကောင်း ဂုဏ်ယူဝမ်းမြောက်စွာ သဝဏ်လွှာပါးအပ်ပါကြောင်း ဗြိတိန်-မြန်မာဆက်ဆံရေးသည် ကာလကြာရှည်စွာဖြင့် ချစ်ကြည်ရင်းနှီးလျက်ရှိပါကြောင်း ဖော်ပြပါရှိသည်။

## နီပေါနိုင်ငံ

၂၀၀၉ ခုနှစ် ဇန်နဝါရီ ၄ရက်၌ ကျရောက်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၆၁)နှစ်မြောက်လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုမြန်မာ နိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံသို့ နီပေါဒီမိုကရက်တစ်ပြည်ထောင်စုသမ္မတနိုင်ငံ သမ္မတဒေါက်တာ ရမ်ဘာရမ်ရာဒွေဗ်ထံမှ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

အဆိုပါ သဝဏ်လွှာတွင် မြန်မာနိုင်ငံ၏ လွတ်လပ်ရေးနေ့အခါသမယ၌ အဆွေတော်နှင့်တကွ မြန်မာပြည်သူများအား ဝမ်းမြောက်ဝမ်းသာ ဆုမွန်ကောင်းများ တောင်းအပ်ပါကြောင်း၊ မြန်မာနှင့် နီပေါနိုင်ငံတို့သည် အနာဂတ်ကာလတွင်လည်း အပြန်အလှန်ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်သွားမည်ဖြစ်ပါကြောင်း၊ အဆွေတော် ကျန်းမာချမ်းသာစေရန် ဆုမွန်ကောင်းတောင်းပါကြောင်း ဖော်ပြပါရှိသည်။

ထို့အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန်ထံသို့လည်း နီပေါဒီမိုကရက်တစ်ပြည်ထောင်စုသမ္မတနိုင်ငံဝန်ကြီးချုပ်မစ္စတာ ပူရှ်ပါကာမဲလ်ဒါဟာ ပရာချန်ဒါထံမှ လွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့ရာတွင် မြန်မာနှင့်နီပေါနှစ်နိုင်ငံအကြား ရင်းနှီးမှု၊ အပြန်အလှန်ဆက်ဆံရေး တိုးတက်ကောင်းမွန်မှုများ ရှိနေပါကြောင်း၊ အဆွေတော်နှင့်တကွ မြန်မာပြည်သူပြည်သားများ ကျန်းမာချမ်းသာစေရန် ဆုမွန်ကောင်းများ တောင်းအပ်ပါကြောင်း ဖော်ပြပါရှိသည်။



# ရေနံနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေထုတ်လုပ်ရေး နည်းပညာများရယူ ကုန်းတွင်းနှင့် ကမ်းလွန်ရေနံရှာဖွေရေး လုပ်ငန်းများ၌ အကျိုးရှိစွာအသုံးချ

နေပြည်တော် ဇန်နဝါရီ ၆

**စွမ်းအင်ဝန်ကြီးဌာန၏ Oilfield Services & Technology Seminar ဖွင့်ပွဲအခမ်းအနားကို China National Offshore Oil Corporation (CNOOC)၊ China Oilfield Services Limited (COSL) နှင့် Asia World ကုမ္ပဏီတို့၏ ပူးပေါင်းစီစဉ် ဆောင်ရွက်မှုဖြင့် ယမန်နေ့ နံနက် ၉နာရီတွင် နေပြည်တော်ရှိ မြတ်တော်ဝင်ဟိုတယ်၌ ကျင်းပသည်။**

## တက်ရောက်

အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်သန်းဌေး၊ စွမ်းအင်ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းမှ ပညာရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီက အဖွင့်အမှာစကား ပြောကြားရာ၌ ယခုဆွေးနွေးပွဲတွင် COSL ကုမ္ပဏီက တင်ပြဆွေးနွေးမည့် ရေနံနှင့် သဘာဝဓာတ်ငွေ့ရှာဖွေထုတ်လုပ်ရေး နည်းပညာများကို ရနိုင်သမျှ ဆွေးနွေးရယူ၍ ကုန်းတွင်း၊ ကမ်းလွန်ရေနံ ရှာဖွေထုတ်လုပ်ရေးလုပ်ငန်းများတွင် အကျိုးရှိစွာ အသုံးချရေးနှင့် ဆွေးနွေးပွဲဖြစ်မြောက်အောင် ဝိုင်းဝန်းပံ့ပိုးပေးကြသော ကုမ္ပဏီများကို ကျေးဇူးတင်ရှိကြောင်းဖြင့် ပြောကြားသည်။

## မှတ်တမ်းတင်ဓာတ်ပုံရိုက်

ထို့နောက် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးနှင့် COSL ကုမ္ပဏီမှ ဒုတိယဥက္ကဋ္ဌ Mr.Yu Zhanhai တို့က အမှာစကား ပြောကြားကြသည်။ ဖွင့်ပွဲအခမ်းအနားအပြီးတွင် စုပေါင်း၍ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။ **(အပေါ်ပုံ)**

ယင်းနောက် ဆွေးနွေးပွဲကို ဆက်လက်ကျင်းပပြီး ညနေပိုင်းတွင် ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ❑ ကျောဖုံးမှ

ဆက်လက်၍ တိုင်းမှူး၊ ဝန်ကြီးနှင့် အဖွဲ့ဝင်များသည် ကျောက်ဖြူဆိပ်ကမ်း အမှတ်(၁)ကွန်ကရစ်ဆိပ်ခံတံတားသို့ရောက်ရှိကြပြီး တံတားအတွင်း ကမ်းနီးကမ်းဝေး ရေယာဉ်များဝင်ရောက်ဆိုက်ကပ်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။ အဆိုပါ အမှတ်(၁) ကွန်ကရစ်ဆိပ်ခံတံတားသည် အလျား ပေ ၇၀၊ အကျယ် ၂၄ပေ၊ ချဉ်းကပ်လမ်း အရှည်ပေ ၉၀ ရှိပြီး အလျားပေ ၁၀၀၊ တန်ချိန် ၁၅၀ရှိ ရေယာဉ်များရာသီမရွေး ဝင်ရောက်ဆိုက်ကပ်နိုင်သည်။

ထိုမှတစ်ဆင့် တိုင်းမှူး၊ ဝန်ကြီးနှင့် အဖွဲ့ဝင်များသည် ကျောက်ဖြူမြို့နယ် မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ငလေပွေ့ဆိပ်ခံဖောတံတားသို့ ရောက်ရှိကြပြီး ကမ်းနီးကမ်းဝေးရေယာဉ်များ ဝင်ရောက်နေမှုများနှင့် ကုန်ပစ္စည်းများတင်ချနေမှုများကို ကြည့်ရှုစစ်ဆေးသည်။ ငလေပွေ့ဆိပ်ခံဖောတံတားသည် အလျားပေ ၂၄၀၊ အကျယ်ပေ ၂၀ ရှိပြီး ပေ ၈၀ရှိ သံမဏိပေါင်းကူးတံတား ဖြင့် ဆက်သွယ်ထား၍ အလျားပေ ၂၄၀၊ တန်ချိန် ၁၄၅၀ရှိ ရေယာဉ်များ ဝင်ရောက် ဆိုက်ကပ်နိုင်သည်။

### ဖြည့်ဆည်းမှာကြား

ယင်းနောက် တိုင်းမှူး၊ ဝန်ကြီးနှင့် အဖွဲ့ဝင်များသည် ဇန်နဝါရီ ၆ရက် နံနက်ပိုင်းတွင် ရခိုင်ပြည်နယ် ကျောက်ဖြူလေဆိပ်သို့ ရောက်ရှိကြရာ လေဆိပ်ခန်းမ၌ လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ တာဝန်ရှိသူများက ကျောက်ဖြူလေဆိပ်၏ ဘဏ္ဍာရေးနှစ်အလိုက် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြရာ တိုင်းမှူးနှင့် ဝန်ကြီးတို့က လိုအပ်သည်များ ဖြည့်ဆည်းမှာကြားသည်။

ဆက်လက်၍ တိုင်းမှူး၊ ဝန်ကြီးနှင့် အဖွဲ့သည် လေယာဉ်ပြေးလမ်းတစ်လျှောက် မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# အသုံးချစာရင်းနှင့် အုပ်ချုပ်မှုပညာ သင်တန်းဆင်းပွဲကျင်းပမည်

**ရန်ကုန် ဇန်နဝါရီ ၆**

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် ပညာရေးဆိုင်ရာ လုပ်ငန်းကော်မတီက ကြီးမှူးဖွင့်လှစ်ခဲ့သည့် အသုံးချစာရင်းနှင့် အုပ်ချုပ်မှုပညာသင်တန်း (UMFCCI Level 1) အမှတ်စဉ် ၂၇၊ ၂၈၊ ၂၉၊ ၃၀နှင့် Koeki Japanese Language ဒုတိယနှစ် အမှတ်စဉ်(၃) သင်တန်းများဆင်းပွဲကို ဇန်နဝါရီ ၉ရက် (သောကြာနေ့) မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ UMFCCI Office Tower မင်္ဂလာခန်းမ၌ ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ကွန်ပျူတာပညာရှင်အသင်း ဟောပြောပွဲ

**ရန်ကုန် ဇန်နဝါရီ ၆**

သတင်းအချက်အလက်နှင့်ဆက်သွယ်ရေးနည်းပညာဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံကွန်ပျူတာပညာရှင် အသင်း (MCPA)က ကြီးမှူး၍ Gusto Company Limited ၏ ကူညီပံ့ပိုးမှုဖြင့် ဇန်နဝါရီ၁၀ရက် (စနေနေ့) နံနက် ၉နာရီခွဲမှ မွန်းတည့်၁၂နာရီအထိ ရန်ကုန်မြို့၊ လှိုင်မြို့နယ် မြန်မာအင်ဖိုတက်ခ် အခန်း (၂၀၅)တွင် မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်းအလုပ်အမှုဆောင် ဦးဝင်းထိန်ဝင်းက Software Architecture with Design Patternခေါင်းစဉ်ဖြင့် ဆွေးနွေးဟောပြောမည်ဖြစ်သည်။

ယင်းဟောပြောပွဲတွင် Software Development နည်းပညာရပ်ကို စိတ်ပါဝင်စားပြီး ပြည်တွင်းပြည်ပ Software လုပ်ငန်းခွင်တွင် Programmer တစ်ယောက်အနေဖြင့်သာမက System Analyst, Software Architect အဆင့်အထိ ဝင်ရောက်လုပ်ကိုင်လိုသူများ သိသင့်သိထိုက်သော Software Design နှင့် ပတ်သက်သည့်သဘောတရားများ၊ အသိပညာများ၊ နည်းစနစ်များကို ကျယ်ကျယ်ပြန့်ပြန့်ဆွေးနွေးပေးသွားမည်ဖြစ်သည်။

အဆိုပါ ဆွေးနွေးပွဲသို့ မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းဝင်များ၊ Software Developer များ၊ ကွန်ပျူတာပညာလေ့လာသူများနှင့် စိတ်ပါဝင်စားသူမည်သူမဆို တက်ရောက် ဆွေးနွေးနိုင်သည်။ အသေးစိတ်သိရှိလိုပါက မြန်မာနိုင်ငံကွန်ပျူတာပညာရှင် အသင်းရုံးခန်း အဆောင်(၄) အခန်း(၄) ဖုန်း-၆၅၂၂၇၆ သို့ဆက်သွယ် စုံစမ်းနိုင်သည်။

**(သတင်းစဉ်)**

# ပြည်ထဲရေးဝန်ကြီးဗိုလ်ချုပ်မောင်ဦးအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး တွေ့ဆုံ

**နေပြည်တော် ဇန်နဝါရီ ၆**

ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးအား တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Guan Mu သည် ယနေ့ညနေ၅နာရီခွဲတွင် နေပြည်တော်ရှိ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံသည်။

## တက်ရောက်

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်ဗိုလ်မှူးချုပ်ခင်ရီ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြတ်ကို၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်စောဝင်း၊ ရုံးအဖွဲ့မှူး ဦးနေမျိုးနှင့် နိုင်ငံဖြတ်ကျော်မှုခင်းဌာန ဌာနမှူး ရဲမှူးကြီးစစ်အေးတို့ တက်ရောက်ကြကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**



ဇန်နဝါရီ ၃ရက်က မင်္ဂလာတောင်ညွန့်မြို့နယ် အမှတ်(၇)အခြေခံပညာ အထက်တန်းကျောင်း၏ ၂၀၀၈-၂၀၀၉ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်နှင့် ဘက်စုံပညာထူးချွန်ဆုပေးပွဲကို ကျောင်းခန်းမ၌ ကျင်းပရာ လေးနှစ်ဆက်တိုက် ပညာရည်ချွန် ပထမဆုရရှိသူ နဝမတန်းကျောင်းသူ မသက်ထားဆွေအား ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ထားဝင်းက ထူးချွန်ဆုချီးမြှင့်စဉ်။

(၁၂၃)

မြန်မာ့အလင်း **မိုးလေဝသ ခန့်မှန်းချက်** သန်းသန်းနု ကိုးကားတင်ပြသည်

# ဟားခါး၊ လွိုင်လင်နှင့် နမ့်စန်မြို့တို့တွင် အအေးပို

ရန်ကုန် ဇန်နဝါရီ ၆

**ဇန်နဝါရီ ၆ရက်က ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေကို ဖော်ပြရပါလျှင် ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့၌ အများအားဖြင့်သာယာခဲ့သည်။**

ညအပူချိန်များမှာ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် မကွေးတိုင်းတို့တွင် ဇန်နဝါရီလ၏ပျမ်းမျှအပူချိန်တို့အောက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိ လျော့နည်းခဲ့သည်။ တနင်္သာရီတိုင်းတွင် ဇန်နဝါရီလ၏ပျမ်းမျှအပူချိန်တို့ထက် ၄ဒီဂရီစင်တီဂရိတ်ပိုခဲ့ကာ ကျန်ဒေသများ၌ ဇန်နဝါရီလ၏ပျမ်းမျှအပူချိန်ခန့်သာရှိသည်။

## ထူးခြားသည့် အပူချိန်

ထူးခြားသည့် အပူချိန်များမှာ ဟားခါးမြို့တွင် (-၃)ဒီဂရီစင်တီဂရိတ်၊ လွိုင်လင်မြို့တွင် သုညဒီဂရီစင်တီဂရိတ်နှင့် နမ့်စန်မြို့တွင် ၂ဒီဂရီစင်တီဂရိတ်တို့ဖြစ်သည်။

ဇန်နဝါရီ ၇ရက်(**ယနေ့**)ပြည်နယ်နှင့်တိုင်းများ၏ရာသီဥတုအခြေအနေကို ခန့်မှန်းရပါက ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်း၊ ပဲခူးတိုင်း၊ ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့၌ တိမ်အသင့်အတင့် ဖြစ်ထွန်းကာ ကျန်ပြည်နယ်နှင့်တိုင်းတို့၌ အများအားဖြင့် သာယာနေမည်ဖြစ်သည်။

## တိမ်အသင့်အတင့်

ဇန်နဝါရီ ၇ရက်(**ယနေ့**)နေပြည်တော်နှင့် မန္တလေးမြို့အနီးတစ်ဝိုက် သာယာမည်ဖြစ်ပြီး ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်ဖြစ်သည်။

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်၌ အများအားဖြင့် သာယာနေသည်။ မြန်မာ့ပင်လယ်ပြင်တွင်မူ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်ဖြစ်ကြောင်း ဖော်ပြလိုက်ရပါသည်။ ။

**ကိုးကား- မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ထုတ်ပြန်ချက်**

# မြို့ရွာတစ်ခွင်သာစေချင် မီးတွင် မပေါ့နှင့်

■ *ကျောဖုံးမှ*

၁၈နှစ်တာကာလအတွင်း ဈေးမီးလောင်မှုကြီးအဖြစ် ရောက်ရှိသွားသည့် မီးလောင်မှုကြီးပေါင်း ၅၇ ခုရှိခဲ့ပါသည်။ ဆုံးရှုံးမှုများသော မီးလောင်မှုကြီးများ မည်သည့်အတွက် ဖြစ်ပွားရသည်ကို လေ့လာသုံးသပ်၍ရသည့် အချက်(၁၂)ချက်ရှိပါသည်။ ယင်းတို့မှာ-

(က) မီးလောင်မှုအကြောင်းရင်းအများစုမှာ လျှပ်စစ်မီး ဝိုင်ယာရှော့ဖြစ်ခြင်း၊ အစောင့်နှင့် ဈေးသူဈေးသားများ၏ မီးပေါ့ဆမှုကြောင့်ဖြစ်ခြင်း၊

(ခ) မီးလောင်မှုဖြစ်ပွားခြင်းကို နောက်ကျမှသိရှိရခြင်း၊ မီးသတ်တပ်ဖွဲ့သို့ သတင်းပေးပို့မှုနောက်ကျခြင်း၊ သတင်းပို့စနစ်မှားယွင်းခြင်း၊ မီးလှန့်အချက်ပေးစနစ် မမှန်ကန်ခြင်း၊

(ဂ) မီးလောင်မှုမှာ ညဉ့်နက်သန်းခေါင်ဝန်းကျင်(ညနက်ပိုင်းနှင့် နံနက်အရုဏ်ဦး မတိုင်မီ)အချိန်များတွင် ဖြစ်ပွားလေ့ရှိခြင်း၊

(ဃ) မီးလောင်မှုကို အော်ဟစ်၍လည်းကောင်း၊ မီးလှန့်အချက်ပေး၍လည်းကောင်း၊ ဘေးပတ်ဝန်းကျင်သို့ အသိပေးအကူအညီတောင်းခြင်းမပြုဘဲ ကိုယ်တိုင်ကျိတ်၍ မီးငြိမ်းသတ်ခြင်း၊

(င) မီးလောင်နေချိန်တွင် ဈေးအတွင်းသို့ဝင်ရောက်ငြိမ်းသတ်ရန် ခက်ခဲခြင်း၊ တံခါးများသော့ခတ်ထားပြီး သော့ဖွင့်ပေးမည့်သူမရှိခြင်း၊ ဝင်ပေါက်များ ပိတ်ဆို့နေခြင်း၊

(စ) ဈေးအနီးပတ်ဝန်းကျင်မှ ဈေးအတွင်း မီးလောင်သည့်နေရာသို့ ဝိုင်းပတ်ဝန်းရံပြီး မီးငြိမ်းသတ်ရေးချဉ်းကပ်ရန် ခက်ခဲခြင်း၊

၂၀၀၈ ခုနှစ် ဒီဇင်ဘာ ၁ ရက်က မော်လမြိုင်မြို့ အမှတ်(၁)စည်ပင်သာယာဈေး မီးလောင်ကျွမ်းရာမှ ဖက်တန်းရပ်ကွက်ရှိ နေအိမ်များသို့ မီးကူးစက်လောင်ကျွမ်းနေစဉ်။ (သတင်းစဉ်)



(ဆ) ဈေးအတွင်း လောင်စာပစ္စည်းများကြောင့် မီးကူးစက်မှုလျင်မြန်ခြင်း၊ မီးအရှိန်ကောင်းစွာ တောက်လောင်ခြင်း၊

(ဇ) ဈေးတည်ဆောက်မှုနှင့် ဆိုင်ခန်းများတွင် ကုန်ပစ္စည်းသိုလှောင်ထားရှိမှု စနစ်တကျမရှိခြင်း၊

(ဈ) ဈေးများတွင် မီးလောင်လျှင် အရေးပေါ်ချက်ချင်းငြိမ်းသတ်ရန် မီးငြိမ်းသတ်ပစ္စည်းကိရိယာများ(ရေပုံး၊ သဲပုံး၊ ရေစည်၊ မီးသတ်ဆေးဘူး၊ မီးချိတ်၊ မီးကတ်၊ လှေကား၊ အပေါ့စားမီးသတ်စက်)များ လုံလောက်စွာမရှိခြင်း၊

(ည) ဈေးလုံခြုံရေးအဖွဲ့များ၊ ဈေးအစောင့်များ၊ ဈေးသူဈေးသားများအား မီးသတ်ပညာပေးသင်တန်းများ ပို့ချမှုအားနည်းခြင်း၊

(ဋ) ဈေးအရန်မီးသတ်တပ်ဖွဲ့ သီးခြားသီးသန့်ဖွဲ့စည်းထားရှိမှု မရှိခြင်း၊

(ဌ) ဈေးအတွင်းနှင့် ဈေးအနီး မီးငြိမ်းသတ်ရန် လုံလောက်သော ရေရရှိရေး ခက်ခဲခြင်းဖြစ်ပါသည်။

ယခုကဲ့သို့ ပွင့်လင်းရာသီရောက်ရှိလာသည်နှင့်အညီ နေရာဒေသမရွေး၊ အချိန်နာရီမရွေး ဈေးမီးလောင်မှုများ ဖြစ်ပွားပေါ်ပေါက်နိုင်သည့်အတွက် (အထူးသဖြင့်) မိမိတို့သက်ဆိုင်ရာနယ်မြေအတွင်းရှိ ဈေးများ မီးဘေးကာကွယ်ရေးနှင့် မီးဘေးလုံခြုံရေးအတွက် ဈေး ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဆက်သွယ်ညှိနှိုင်းပြီး စနစ်တကျစစ်ဆေးသွားရန်၊ လိုအပ်သော မီးသတိမူရေး၊ မီးကြိုတင်ကာကွယ်တားဆီးရေးနှင့် မီးငြိမ်းသတ်ရေးဆိုင်ရာ အောက်ပါအကြံပြုချက်များ ပေးအပ်ကာ အမှန်တကယ် လိုက်နာဆောင်ရွက်မှု ရှိ/မရှိ အရေးယူကြပ်မတ်ဆောင်ရွက်ရန် လိုအပ်ပါသည်။ အကြံပြုချက်(၁၄)ချက်ရှိပါသည်။ ယင်းတို့မှာ-

(က) ဈေးမီးဘေးလုံခြုံရေးစီမံချက်များကို မီးသတ်တပ်ဖွဲ့နှင့် ညှိနှိုင်းဆွေးနွေးကာ စနစ်တကျရေးဆွဲထားရှိပြီး စီမံချက်အတိုင်း အကောင်အထည်ဖော် ဆောင်ရွက်ရန်၊

(ခ) အရေးပေါ်ကိစ္စများတွင် ဈေးအတွင်း လျင်မြန်စွာဝင်ရောက်နိုင်ရေးအတွက် ဈေးသော့များကို(Key Board) ဖြင့် စနစ်တကျထားရှိရန်၊

(ဂ) လျှပ်စစ်ကြိုးသွယ်တန်းမှု(Installation)၊ လျှပ်ကာပစ္စည်းများ (Insulation) အသုံးပြုမှုများ စနစ်တကျမရှိပါက ချက်ချင်းပြုပြင်စေရန်နှင့် မှတ်တမ်းထားရှိရန်၊

(ဃ) ထို့အပြင် ဓာတ်အားလိုင်းကို(Power)နှင့် အလင်းရောင်မီး (Lighting) နှစ်မျိုးသီးခြားခွဲထားစေပြီး ဈေးပိတ်ချိန်တွင် ပါဝါ(Power)လိုင်းကို လုံးဝပိတ်ထားကာ အရေးပေါ်လုံခြုံရေးမီးထွန်းမှု (Emergency Security Lighting) သာထားရှိရန်၊

(င) အရေးပေါ် မီးငြိမ်းသတ်ရေးအတွက် သင့်လျော်သော မီးသတ်ဆေးဘူး အမျိုးအစားများကိုသာ ထားရှိစေရန်၊

(စ) မီးလောင်လျှင် အချက်ပေးနိုင်သည့် အချက်ပေးကိရိယာ(Fire Alarm)များ တပ်ဆင်ထားရှိရန်နှင့် မီးသတ်စင်(Fire Point)များ စနစ်တကျထားရှိရေး၊ အပေါ့စားမီးသတ်စက် (Portable Pump)များ ထားရှိရေးတို့ကို ဆောင်ရွက်စေရန်၊

(ဆ) ခေတ်မီအထပ်မြင့် ဈေးအဆောက်အအုံများတွင် မီးလှန့်အချက်ပေးစနစ်(Fire Alarm System)၊အမြင့်တင်ရေပက်စနစ်(Dry or WetRiser)၊ မီးသတ်ရေပိုက်ခေါင်း(Fire Hydrant)၊ မီးသတ်ရေပိုက်ခွေ(Fire Hose Reel)၊ အရေးပေါ်မီးစက် (Emergency Generator)၊ အရေးပေါ်မီးထွန်းစနစ် (Emergency Lighting)၊ ထွက်ပေါက်သင်္ကေတ (Exit Signs)၊ ထောက်လှမ်းမှုကိရိယာ (Detector)၊ အလိုအလျောက် ရေဖျန်းစနစ် (Automatic Sprinkler System)၊ မီးသတ်သမား ဓာတ်လှေကား (Fireman Lift)၊ မီးခိုးထုတ်စနစ်နှင့် လေဝင် လေထွက်စနစ်(Smoke Extraction and Ventilation System)၊ မီးထိန်းသိမ်းကွပ်ကဲမှုဌာန (Fire Control Centre) တို့ ပါဝင်စေရေးအတွက် အကြံပြုသွားရန်၊

(ဇ) ဈေးမပိတ်မီ ကြိုတင်သတိပေးခြင်းနှင့် ဈေးပိတ်ချိန်တွင် မီးဘေးလုံခြုံရေးအတွက် အစောင့်မီးကင်း စနစ်တကျထားရှိရေးနှင့် စနစ်တကျမီးစစ်ဆေးရေးကို ဆောင်ရွက်ကြစေရန်၊

(ဈ) ဈေးသူ ဈေးသားများအား မီးဘေးကာကွယ်ရေးနှင့် မီးဘေးလုံခြုံရေးအတွက် ကြိုတင်အခြေခံမီးသတ်သင်တန်းများ ဖွင့်လှစ်ပို့ချခြင်း၊ မီးသတ်ပညာရပ်များ ဆွေးနွေးဟောပြောခြင်းများ ပြုလုပ်ပေးရန်၊

(ည) ဈေးသူဈေးသားများအား မီးနှင့် လျှပ်စစ်ကို စနစ်တကျကိုင်တွယ် အသုံးပြုစေရေး၊ စနစ်တကျမရှိမှု၊ မီးပေါ့ဆမှုတို့အား သတိပေးခြင်း၊ ညွှန်ကြားခြင်းနှင့် အရေးယူ အပြစ်ပေးခြင်းများဖြင့် ကြပ်မတ်ပေးသွားရန်၊

(ဋ) မီးသတ်တပ်ဖွဲ့နှင့် ပူးပေါင်း၍ မီးသတ်လေ့ကျင့်ခန်း(Fire Drill)များ ပြုလုပ်ခြင်း၊ ပစ်မှတ်စနစ်(Target System)ဖြင့် မီးငြိမ်းသတ်ရေး၊ ကြိုတင်ဇာတ်တိုက်လေ့ကျင့်မှု(Fire Fighting Rehersal)များ ပြုလုပ်သွားရန်၊

(ဌ) မီးငြိမ်းသတ်ရန် ရေလုံလောက်စွာရရှိရေး၊ ရေဂါလန် ၅၀၀၀ ဆံ့ အုတ်ရေကန်များ ညှိနှိုင်းတည်ဆောက်ရေး၊ ဈေးပတ်ဝန်းကျင် မီးသတ်ကား ဝင်/ထွက်သွားလာနိုင်ရေးအတွက် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်စေရေးကို စီစဉ်ဆောင်ရွက်ရန်၊

(ဍ) ဈေးမီးဘေးလုံခြုံရေးအတွက် အရန်မီးသတ်တပ်ဖွဲ့များ စနစ်တကျဖွဲ့စည်းလေ့ကျင့်ပေးသွားရန်၊

(ဎ) မီးလောင်မှုဖြစ်က အချိန်မီ မီးကာကွယ်တားဆီးငြိမ်းသတ်နိုင်ရေးအတွက် စီမံချက်များချမှတ်ပြီး တစ်လနှစ်ကြိမ် ဇာတ်တိုက်လေ့ကျင့် အသင့်ရှိရေး ဆောင်ရွက်ရန် ဖြစ်ပါသည်။

မီးကာကွယ်ရေးအတွက် သုံးစွဲသည့်ငွေသည် အကျိုးရှိစွာ ရင်းနှီးမြှုပ်နှံခြင်းဖြစ်ပြီး မီးကာကွယ်ခြင်းကြောင့် ရရှိမည့် အကျိုးကျေးဇူးမှာ ကာမိမှ ကာမိပါ့မလားဟု သံသယဖြစ်ဖွယ်မရှိသော (အရင်းမဆုံး သုံးစွဲငွေ)ဖြစ်ပါသည်။

မီးလုံးဝမလောင်အောင် အများက မီးကိုသတိမမူ၊ ပေါ့ဆစွာ ကိုင်တွယ်အသုံးမပြုဘဲ သတိဝီရိယနှင့် စနစ်တကျ ကိုင်တွယ်အသုံးပြုရန်၊ မီးဘေးရှောင်-မလောင်ခင်



ဈေးမီးဘေးလုံခြုံရေးအတွက် အရန်တပ်ဖွဲ့များ စနစ်တကျဖွဲ့စည်း၍ ဤသို့ ဇာတ်တိုက်လေ့ကျင့်ပေးသင့်သည်။ (သတင်းစဉ်)

တားဆိုသည့်အတိုင်း အကြံပြုချက်တွေကို တိကျစွာလိုက်နာဆောင်ရွက်သွားကြရန်၊ ဈေးမီးမလောင်စေရေးအတွက် ဈေးအာဏာပိုင်များ၊ ဈေးသူဈေးသားများ၊ မီးသတ်တပ်ဖွဲ့ဝင်များအားလုံးက စုပေါင်းပြီး ကာကွယ်သင့်ပါကြောင်း နှိုးဆော်လိုက်ရပါသည်။ ။

၂၀၀၈ ခုနှစ် ဒီဇင်ဘာ ၁ ရက်က မော်လမြိုင်မြို့ အမှတ်(၁)စည်ပင်သာယာဈေး မီးလောင်ကျွမ်းမှု ဖြစ်ပွားနေသည်ကို ရင်နှင့်ဖွယ်ရာ တွေ့မြင်ရစဉ်။ (သတင်းစဉ်)



**နေရာဒေသမရွေး၊ အချိန်နာရီမရွေး ဈေးမီးလောင်မှုများ ဖြစ်ပွားပေါ်ပေါက်နိုင်သည့်အတွက် (အထူးသဖြင့်) မိမိတို့သက်ဆိုင်ရာ နယ်မြေအတွင်းရှိ ဈေးများ မီးဘေးကာကွယ်ရေးနှင့် မီးဘေးလုံခြုံရေးအတွက် ဈေးဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဆက်သွယ်ညှိနှိုင်းပြီး စနစ်တကျစစ်ဆေးပါ။**



မိုးညှင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့တွင်းရေစီးရေလာကောင်းမွန်စေရေး အတွက် ရိပ်သာလမ်းထောင့် အုတ်ခုံခံ ရေမြောင်းကူးတံတား တည်ဆောက်နေမှုကို ဒီဇင်ဘာ ၁၈ရက်က ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးဦးစိုးဝင်း ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဆန်း ထွန်းနှင့် တာဝန်ခံအင်ဂျင်နီယာတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

## ကျန်းမာရေးအသိပညာပေးဟောပြောပွဲ မိုင်းပျဉ်းမြို့နယ်ကျေးရွာ၌ ကျင်းပ

**မိုင်းပျဉ်း ဇန်နဝါရီ ၁**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)မိုင်းဆတ်ခရိုင် မိုင်းပျဉ်းမြို့နယ် အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် မိုင်းပျဉ်းမြို့နယ်ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော ကျန်းမာရေးအသိပညာပေး ဟောပြောပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၀ရက် နံနက်၁၀ နာရီက မိုင်းပုအွန်ကျေးရွာ၌ ကျင်းပသည်။

အခမ်းအနားတွင် မိုင်းပျဉ်းမြို့နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌဒေါ်သန်းသန်းက အမှာစကားပြောကြားပြီး မိုင်းပျဉ်း မြို့နယ်ဥပဒေအရာရှိ ဦးသက်ထွန်းက လူကုန်ကူးမှု တားဆီးကာကွယ်ရေးဥပဒေကို လည်းကောင်း၊ အမျိုးသမီးရေးရာအဖွဲ့ဝင်ဒေါ်ဝင်းကြည်က အမျိုးသမီးများ အကြမ်းဖက်မှုမှ ကာကွယ်တားဆီးရေးအကြောင်းကိုလည်းကောင်း၊ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာ ထွန်းထွန်းက ကြက်ငှက် တုပ်ကွေးရောဂါအကြောင်း သိကောင်းစရာများကို ဟောပြော ဆွေးနွေးကြသည်။ **(မြို့နယ် ပြန်/ဆက်)**

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမှတ်(၁) အခြေခံပညာမူလတန်းကျောင်း၏ ပညာရေးစုံညီပွဲတော်နှင့် ဘက်စုံထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနားကို ဇန်နဝါရီ၃ရက်က ကျင်းပရာ ပထမတန်းမှ ဘာသာစုံပထမဆုနှင့် ဘာသာရပ်နှစ်ခုတွင် ပထမဆုရရှိသော မထက်ထက်အောင်အား ကျောင်းအုပ်ဆရာကြီး ဦးစိုးမင်းက ဆုပေးအပ်ချီးမြှင့်စဉ်။ (ပညာရေး)

## ပင်လည်ဘူးမြို့ နန်းမားချောင်းအတွင်း ငါးမျိုးစိုက်ထည့်

**ပင်လည်ဘူး ဇန်နဝါရီ ၂**

စစ်ကိုင်းတိုင်း ကသာခရိုင် ပင်လည်ဘူးမြို့နယ်တွင် ခရိုင်ငါးလုပ်ငန်း ဦးစီးဌာနက ကြီးမှူးကျင်းပသည့် နန်းမားချောင်းအတွင်းသို့ ငါးမျိုးစိုက်ထည့်ပွဲအခမ်းအနားကို ဒီဇင်ဘာ၁၄ရက်က ပင်လည်ဘူးမြို့နယ် နန်းမားချောင်းအနီး၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်ငါးလုပ်ငန်း ဦးစီးဌာန ဦးစီးအရာရှိ ဦးစိုးမြင့်၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယရဲမှူးသောင်းမြင့်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် လူမှုရေးအဖွဲ့အစည်းများမှ တာဝန်ရှိသူများက နန်းမားချောင်းအတွင်းသို့ ငါးမျိုးစိုက်ထည့်ပေးကြသည်။

**(မြို့နယ် ပြန်/ဆက်)**



## မကွေးတိုင်း ပြန်/ဆက် တစ်နှစ်တာလုပ်ငန်းဆောင်ရွက်မှုများနှင့် ကျေးရွာစာကြည့်တိုက် စံ(၅)ရပ်ညီညွတ်ရေး ညှိနှိုင်းဆွေးနွေး

**မကွေး ဇန်နဝါရီ ၃**

မကွေးတိုင်း ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ ၂၀၀၈ခုနှစ် တစ်နှစ်တာလုပ်ငန်း ဆောင်ရွက်နိုင်မှုများနှင့် ကျေးရွာ စာကြည့်တိုက်စံ(၅)ရပ်နှင့် ညီညွတ်ရေး လုပ်ငန်းညှိနှိုင်းအစည်း အဝေးကို ဒီဇင်ဘာ ၂၉ရက်က မကွေးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်တိုက်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းလက်ထောက် ညွှန်ကြားရေးမှူး ဦးဝေလင်းက(**အပေါ်ပုံ**)ရှင်းလင်းဆွေးနွေး အမှာစကားပြောကြားပြီး မကွေးခရိုင် ဦးစီးအရာရှိ ဦးတင်မောင်လွင်၊ မင်းဘူးခရိုင်ဦးစီး အရာရှိ ဦးသိန်းထွန်းအောင်၊ သရက်ခရိုင် ဦးစီးအရာရှိဦးဝင်းမြိုင်၊ ပခုက္ကူခရိုင် ဦးစီးအရာရှိ ဦးတင်ဝင်းနှင့် ဂန့်ဂေါခရိုင် ဦးစီးအရာရှိ ဦးမြင့်အေးတို့က မိမိတို့ခရိုင်၊မြို့နယ်အလိုက်၂၀၀၈ခုနှစ် လုပ်ငန်းများ ဆောင်ရွက်နိုင်မှု အခြေအနေများနှင့် ကိုယ်ပိုင်မြေ၊ ကိုယ်ပိုင် အဆောက်အအုံရှိသည့် ကျေးရွာစာရင်းများကို ရှင်းလင်းတင်ပြ ကြသည်။

### ကွင်းဆင်းဆောင်ရွက်

ဆက်လက်၍ တိုင်းလက်ထောက်ညွှန်ကြားရေးမှူး ဦးဝေလင်းက မကွေးတိုင်းအတွင်း ရှင်သန်နေသည့် စာကြည့်တိုက်များ စံ(၅)ရပ်နှင့် ညီညွတ်ရေး၊ စာငှားစနစ်နှင့် ရန်ပုံငွေ ထူထောင်ရေး၊ ကျေးရွာများသို့မပြတ် နယ်မြေကွင်းဆင်းဆောင်ရွက်သွားကြရန် ပြောကြားကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**



**ပြည်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်သော စာတိုက်ဟောင်းလမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်း ဆောင်ရွက်မှုကို အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးကြည်သန်းနှင့် လုပ်ငန်းအင်ဂျင်နီယာတို့က လမ်းအရည်အသွေးကောင်းမွန်ရေး ကြပ်မတ်ဆောင်ရွက်ပေးစဉ်။** (မြို့နယ်စည်ပင်)



## ပူတာအိုမြို့၌ သိုးမွေးစက်ဆွဲနှင့် အဆင့်မြင့် အပ်ချုပ်သင်တန်းဖွင့်

**ပူတာအို ဇန်နဝါရီ ၂**

နယ်စပ်ဒေသ တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပူတာအိုမြို့ အမျိုးသမီး အိမ်တွင်းမှု သက်မွေးပညာသင်တန်းကျောင်း အခြေခံအိမ်တွင်းမှုသင်တန်း အမှတ်စဉ်(၁၂)၊ သိုးမွေးစက်ဆွဲသင်တန်း အမှတ်စဉ်(၁၁)နှင့် အဆင့်မြင့်စက်ချုပ်သင်တန်း အမှတ်စဉ်(၆)ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၁၅ရက် နံနက် ၇နာရီက ကျင်းပရာ နယ်မြေခံတပ်မှ ဒုတိယဗိုလ်မှူးကြီးမင်းသက်ဦး တက်ရောက်အမှာစကား ပြောကြား သည်။

သင်တန်းသို့ သင်တန်းသူ ၃၀ တက်ရောက်ပြီး သင်တန်း ကာလ ရက်သတ္တ၁၄ပတ် ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**



တာမွေမြို့နယ် အမှတ်(၃၀) အခြေခံပညာမူလတန်းကျောင်း၏ ပညာရည်ချွန်ဆု ပေးပွဲ အခမ်းအနားကို ဇန်နဝါရီ၃ရက်ကကျင်းပရာ တတိယတန်းမှဆုရရှိသူ မောင်ဉာဏ် လင်းထက်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းသန်းဝင်းက ဆုချီးမြှင့်စဉ်။ (ပညာရေး)

## တောင်သူလယ်သမားများ နှမ်းစပါးမျိုးထောင်မှု ဆောင်ရွက်

**မိုးညှင်း ဇန်နဝါရီ ၁**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် ဘီလူးမြို့ ကျေးရွာအုပ်စုအတွင်း စိုက်ပျိုးမည့် နှမ်းစပါး ၅၆၅ဧက အပြည့်အဝစိုက်ပျိုးအောင်မြင်စေရန် ဦးစန်းလွင်ဦး (မြို့နယ်ကုန်သွယ်လယ်ယာ)အုပ်စု နှမ်းစပါးစိုက်ပျိုးရေးတာဝန်ခံ၊ ဦးမြင့်သန်း (မြို့နယ်မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း) မိုးညှင်းဒေသတာဝန်ခံ၊ ဦးမျိုးမင်းမောင်(မြို့နယ်မြေစာရင်း)မြေတိုင်းနှင့် ဘီလူးမြို့ကျေးရွာအုပ်စုအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးအောင်မြင့်ရွှေနှင့်အဖွဲ့တို့သည် ဒီဇင်ဘာ၁၉ရက်က တောင်သူလယ်သမားများ၏ နှမ်းစပါးပျိုးထောင်ခြင်း လုပ်ငန်းများကို ကွင်းဆင်းကြည့်ရှုစည်းရုံးဆောင်ရွက်ကြသည်။ **(အောက်ပုံ)** (ဝ၀၂)



## မြို့နယ်သတင်းများ

## တာလေမြို့ တပင်ရှေ့ထီးလမ်း ကျောက်ချောခင်း

တာလေ ဇန်နဝါရီ ၁

**တာလေမြို့ စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ရန် လျာထားသည့် အမှတ် (၃) ရပ်ကွက် တပင်ရှေ့ထီးလမ်း ကျောက်ချောခင်းခြင်းလုပ်ငန်းကို အငယ်တန်းအင်ဂျင်နီယာ(၂)ဦးစိုင်းစိုးစိုး ဆောင်ရွက်ရာသို့ မြို့တာဝန်ခံ ဦးကျော်ကျော်ဦးက ကွင်းဆင်းကြပ်မတ် ဆောင်ရွက်ပေးကြောင်း သိရသည်။** (မြို့နယ်စည်ပင်)

**မောင်တောမြို့နယ် စည်ပင်သာယာရေး အဖွဲ့ပိုင် ပျိုးဥယျာဉ် အမှတ်(၁)၌ ဒီဇင်ဘာ ၁၅ရက်က ရုံးအဖွဲ့ ဝန်ထမ်းများ စုပေါင်း၍ ပျိုးပင်များ နေရာချထားခြင်း၊ပျိုးအိတ်ထည့်ခြင်းနှင့် ပေါင်းမြက်ရှင်းခြင်းတို့ကို အမှုဆောင်အရာရှိ ဦးဌေးဝင်းကြပ်မတ် ဆောင်ရွက်စဉ်။** (မြို့နယ်စည်ပင်)



မြန်မာ့အလင်း အင်တာနက်ကျန်းမာရေး

## ဂေါ်ဖီနှင့် ပန်းဂေါ်ဖီ ပုံမှန်စားသုံးခြင်းဖြင့် ရင်သားကင်ဆာဖြစ်ပွားမှု အခွင့်အလမ်းနည်းပါးဟုဆို

*အမျိုးသမီးများအနေဖြင့် ပန်းဂေါ်ဖီကို ပုံမှန်စားသုံးပေးပါက ရင်သားကင်ဆာဖြစ်ပွားနိုင်မှု အခွင့်အလမ်းနည်းပါးကြောင်း ကနေဒါ သုတေသနပညာရှင်များ၏ တွေ့ရှိချက်တစ်ရပ်၌ ဖော်ပြထားသည်။*

*ချေဖျက်နိုင်*

*ပန်းဂေါ်ဖီတွင်ပါဝင်သောဓာတ်များက ရင်သားကင်ဆာဆဲလ်များကို တိုက်ဖျက်နိုင်စွမ်းရှိကြောင်း၊ ထို့အပြင် အမျိုးသမီးများ၏ ရင်သားတွင် အဖုအကျိတ်များကိုလည်း ချေဖျက်နိုင်စွမ်းရှိကြောင်း ပါမောက္ခ ဝီလ်ဆင်က ပြောကြားသည်။*



*ပုံမှန်စားပေးသင့်*

*အမျိုးသမီးများတွင် ဒုတိယအဖြစ်အများဆုံးကင်ဆာမှာ ရင်သားဖြစ်ကြောင်း၊ ထို့ကြောင့် အမျိုးသမီးများအနေဖြင့် ဂေါ်ဖီထုပ်နှင့် ပန်းဂေါ်ဖီများအား နေ့စဉ်နီးပါး စားပေးသင့်ကြောင်း အကြံပြုထားသည်။*

*ဂေါ်ဖီနှင့် ပန်းဂေါ်ဖီများကို သီတင်းတစ်ပတ်လျှင် လေးကြိမ်ခန့် ပုံမှန်စားသုံးပေးလျှင် အမျိုးသမီးများ၌ ရင်သားကင်ဆာ ဖြစ်စေသော ကာစီနိုဂျင်နစ်ဆဲလ်များမဖြစ်ပေါ်နိုင်အောင် ဟန့်တားပေးနိုင်ကြောင်း သိရသည်။*





ရခိုင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးနှင့် ပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီးဗိုလ်ချုပ်သိန်းဆွေတို့ ကျောက်ဖြူလေဆိပ် လေယာဉ်ပြေးလမ်းကို ကြည့်ရှုစစ်ဆေးစဉ်။ (ပို့ဆောင်ရေး)

## တိုင်းမှူးဗိုလ်ချုပ်သောင်းအေးနှင့် ဝန်ကြီးဗိုလ်ချုပ်သိန်းဆွေ ကျောက်ဖြူမြို့ရှိ ဆိပ်ခံတံတားများနှင့် လေဆိပ်တို့ကို ကြည့်ရှုစစ်ဆေး

**ရန်ကုန် ဇန်နဝါရီ ၆**

ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးနှင့် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်သိန်းဆွေတို့သည် ဇန်နဝါရီ ၅ရက် နံနက်ပိုင်းတွင် ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် ကျောက်ဖြူမြို့ရှိ ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ကျောက်ဖြူဆိပ်ကမ်းရုံးသို့ ရောက်ရှိကြပြီး ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးတင့်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ရခိုင်ပြည်နယ်အတွင်း ကမ်းနီးကမ်းဝေးရေယာဉ်များ ပြေးဆွဲပေးနေမှုအခြေအနေနှင့် လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြကြရာ တိုင်းမှူးနှင့်ဝန်ကြီးတို့က လုပ်ငန်းလိုအပ်ချက်များကို ပေါင်းစပ်ဖြည့်ဆည်းပေးပြီး လုပ်ငန်းပိုင်းဆိုင်ရာများ တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ကြရန်မှာကြားသည်။

*စာမျက်နှာ ၁၀ ကော်လံ ၄* ❑

### ညအိပ်ရာဝင်ချိန် မီးသတိပေးနှိုးဆော်ချက်

(က) ခြင်ဆေးခွေ၊ ဖယောင်းတိုင်၊ ဘုရားမီး၊ အမွှေးတိုင်မီးများနှင့် မီးဖို မီးကြွင်းမီးကျန်များ ငြိမ်းသတ်ပြီးမှ အိပ်ရာဝင်ရန်၊

(ခ) မီးသုံးစွဲရင်း အိပ်စက်ခြင်း လုံးဝမပြုလုပ်ရန်၊

(ဂ) မိမိအိမ်နှင့် အိပ်ခန်းများတွင် လေဝင်လေထွက် ကောင်းမွန်စေရေး စီမံထားရှိရန်။ (မီးသတ်ဦးစီးဌာန)

### နိုင်ငံရေးဦးတည်ချက် (၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေးဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး



မန္တလေးမြို့ ရတနာပုံဈေးကြီး မီးလောင်ကျွမ်းမှုဖြစ်ပွားစဉ် မီးငြိမ်းသတ်နေသော မီးသတ်တပ်ဖွဲ့ဝင်များနှင့် မီးသတ်ယာဉ်များကို တွေ့ရစဉ်။

## ဈေးများမီးမလောင်စေရေး ကြိုတင်ပြင်ဆင်ကာကွယ်

သတင်းဆောင်းပါး - ငွဲရဲမာန် ➢ ဓာတ်ပုံမှတ်တမ်း - မီးသတ်ဦးစီးဌာန ➢ စာမျက်နှာဖွဲ့စည်းမှု- ဘိုဘိုမင်း

**ရန်ကုန် ဇန်နဝါရီ ၆**

၁၉၉၁ခုနှစ်မှ ၂၀၀၈ခုနှစ်အထိ မီးလောင်မှုနှစ်စဉ်မှတ်တမ်းများအရ နိုင်ငံတစ်ဝန်းလုံး၌ ဈေးမီးလောင်မှုများဖြစ်ပွားပေါ်ပေါက်ခဲ့ပြီး အထူးသဖြင့် ဈေးကြီးများ မီးလောင်မှုကြောင့် ဆုံးရှုံးမှုတန်ဖိုးများပြားကာ နိုင်ငံအတွက် များစွာ ဆုံးရှုံးနစ်နာခဲ့ရသည်။ ဈေးများမီးမလောင်စေရန်၊ အကယ်၍ မီးလောင်ခဲ့လျှင်လည်း ဈေးတစ်ခုလုံး မဆုံးရှုံးစေရန် လေ့လာသုံးသပ်ရရှိသည့် အချက်အလက်သတင်းတွေကို ဈေးနှင့်သက်ဆိုင်သူအားလုံး သိရှိနိုင်အောင် ရေးပြချင်ပါသည်။

*စာမျက်နှာ ၁၁ ကော်လံ ၁* ■

### စပါးသီးနှံ အလေအလွင့်မရှိစေရေး နှိုးဆော်ချက်

၁။ စပါးအလေအလွင့်မရှိစေရန် မောင်းညိုချိန်တွင် ရိတ်သိမ်းပါ။

၂။ ရိတ်သိမ်းပြီးကောက်လှိုင်းများကို တလင်းပျောက်စနစ် ကျင့်သုံး၍ ချက်ချင်းခြွေလှေ့ပါ။ ဖြစ်နိုင်ပါက စက်ဖြင့် ရိတ်သိမ်းခြွေလှေ့ပါ။

၃။ ခြွေလှေ့ပြီး စပါးများကို နေလှန်း၍ အမိုးအကာအောက် အမြန်ရောက်ရှိအောင် ဆောင်ရွက်ပါ။

၄။ ရိတ်-ခြွေ-သိမ်း လုပ်ငန်းများကို ဆက်တိုက် မဆောင်ရွက်ပါက တစ်ဧကလျှင် အနည်းဆုံးစပါးသုံးတင်း လေလွင့်ဆုံးရှုံးနိုင်သည်။ တစ်နိုင်ငံလုံးရှိ မိုးစပါးစိုက်ဧက ၁၇ သန်းမှ စပါးတင်း သန်းပေါင်း ၅၁ သန်း လေလွင့်ဆုံးရှုံးနိုင်သည်။ ၄င်းလေလွင့်စပါးပမာဏသည် လူဦးရေ ၃ ဒသမ ၄သန်း တစ်နှစ်စာ စားသုံးနိုင်သည်။ ၄င်းအပြင် ထွက်ရှိလာသော ဆန်များ ဆန်အရည်အသွေးညံ့ဖျင်းခြင်း၊ ဆန်အကျိုးအကြေများခြင်းများလည်း ဖြစ်ပေါ်စေပါသည်။

၅။ သို့ပါ၍ ရိတ်-ခြွေ-သိမ်း လုပ်ငန်းစဉ်များအတိုင်း လိုက်နာကြပါရန် ထပ်လောင်းအသိပေး နှိုးဆော်အပ်ပါသည်။

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန။